ပုဗ္ဗေစ ပုဗ္ဗေနေယျာနံ့ ဇေတံ မင်္ဂလ မုတ္တမံ၊ ပုဗ္ဗော်ထိုက်သူကို ပုဗ္ဗော်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်၊ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၉၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားအကျိုးစီးပွားမှန်သမျှကို ကာကွယ်စောင့်ရှောက်ကြ

တို့တပ်မတော်ဟာ နိုင်ငံတော်ရဲ့ အမျိုးသား အကျိုးစီးပွား မှန်သမျှကို ကာကွယ်စောင့်ရှောက်ကြရမယ်။ တပ်မတော်ဟာ သမိုင်းစဉ်တစ်လျှောက်လုံး အမျိုးသားနိုင်ငံရေးကို ကာကွယ်စောင့်ရှောက်ခဲ့တာဖြစ်တယ်။ ဒီအစဉ်အလာကို ဆက်လက်ထိန်းသိမ်းမှသာ ခေတ်တွေဘယ်လိုပြောင်းပြောင်း နိုင်ငံတော်ကြီးဟာ အမျိုးသားနိုင်ငံရေးလမ်းကြောင်းပေါ်မှာ ဆက်လက်ဖွံ့ဖြိုး ရှင်သန်တိုးတက်သွားနေမှာဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၆) သင်တန်းဆင်းပွဲတွင် မြွက်ကြားသည့်မိန့်ခွန်းမှ–

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ မြန်မာ့ရုပ်မြင်သံကြားမှတိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် ဒီဇင်ဘာ ၃၁

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ၂၀၀၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ဆုပေးပွဲ အခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏာဥ် ကျင်းပမည်ဖြစ်ရာ အဆိုပါအခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံမြောက်ဖျားရှိ ပူတာအိုဒေသသည် ရေမြေသဘာဝပတ်ဝန်းကျင်မပျက်မယွင်းရှိနေ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအောင်မြင်ဖြစ်ထွန်းနိုင်မည့်သဘာဝအခြေခံအလားအလာကောင်းများရှိ ဒေသခံပြည်သူများမိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝီရိယစိုက်ထုတ်ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၃၀

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ ကချင်ပြည်နယ် မြစ်ကြီးနားလေဆိပ်သို့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရောက်ရှိကြသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ မြစ်ကြီးနားလေတပ်စခန်းဌာနချုပ်ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဘိုကြည်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် စစ်ဘက်နယ်ဘက်မှ အရာရှိများ၊ ငြိမ်းချမ်းရေးအကျိုးဆောင် ဒေါက်တာဆဘွဲ့ဂျန်နှင့် လူကြီးများ၊ ကချင်ပြည်နယ်အထူးဒေသ(၁)မှ တိုင်းရင်းသားခေါင်းဆောင် ဦးစခုန်တိန့်ယိန်းနှင့်အဖွဲ့ဝင်များ၊ အထူးဒေသ(၂)မှ တိုင်းရင်းသားခေါင်းဆောင် ဦးလမုန်တူးဂျိုင်နှင့်အဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား မြစ်ကြီးနား လေဆိပ်ခန်းမ၌ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဦးက မြစ်ကြီးနားလေဆိပ် မူလလေဆိပ် အဆောက်အအုံအဆင့်မြှင့်မွမ်းမံခြင်းနှင့် လေဆိပ်အဆောက်အအုံသစ် တို့ချဲ့

စာမျက်နှာ ၃ ကော်လံ ၁ ✡

နှစ်သစ်ကူး လက်ဆောင်ပေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒီဇင်ဘာ ၂၉ ရက်က ကချင်ပြည်နယ် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များအား နှစ်သစ်ကူး လက်ဆောင်များ ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း — အယ်ဒီတာ့ အာဘော်

(၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်)

မူးယစ်ဆေးဝါးပပျောက်ရေး အရှိန်အဟုန်မြှင့်တင်ကြိုးပမ်း နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်

မူးယစ်ဆေးဝါးအန္တရာယ်သည် လူသားမျိုးနွယ်တစ်ရပ်လုံးအား ခြိမ်းခြောက်အန္တရာယ်ပြုလျက်ရှိသည်။ လူမှုရေး ပြဿနာများစွာကို ဖြစ်ပေါ်စေလျက်ရှိသည်။ မူးယစ်ဆေးဝါးပြဿနာသည် ဒေသတစ်ခု၊ နိုင်ငံတစ်ခု၏ ပြဿနာမျှမဟုတ်ဘဲ နိုင်ငံတိုင်း၊ ဒေသတိုင်းက ဝိုင်းဝန်းပူးပေါင်း ဖြေရှင်းကြရမည့် ပြဿနာသာ ဖြစ်သည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးအန္တရာယ် ပပျောက်ရေးလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် အလေးထား ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်က မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် တားဆီးနှိမ်နင်းရေး နည်းလမ်းအပြင် စိုက်ပျိုးထုတ်လုပ်ရာ အခြေခံဒေသများ၌ ဒေသခံများကို စည်းရုံးပညာပေးရင်း ဘိန်းအစားထိုးစိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ ထူထောင်ပေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံများ၏ လူနေမှုဘဝ အဆင့်အတန်း မြင့်မားရေးကိုပါ တစ်ဆက်တည်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

မြန်မာ–ထိုင်း မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေးနှင့် နယ်စပ်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် ယောင်ခကျေးရွာစီမံကိန်းမှ ဆောက်လုပ်ပြီးစီးခဲ့သည့် ၁၆ခုတင်ဆံ့ ဆေးရုံသစ် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ထိုင်းနိုင်ငံအမှတ်(၃)စစ်ဒေသတိုင်း တိုင်းမှူးတို့ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

ယောင်ခကျေးရွာ စီမံကိန်းသည် ၂၀၀၁ ခုနှစ်တွင် နှစ်နိုင်ငံဝန်ကြီးချုပ်များ တွေ့ဆုံဆွေးနွေးခဲ့ရာမှ နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေးနှင့် နယ်စပ်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်အရ အကောင်အထည်ဖော်ခဲ့သည့် စီမံကိန်းဖြစ်သည်။ ထိုင်းနိုင်ငံဝန်ကြီးချုပ်က ထိုင်းနိုင်ငံသုံးငွေ ဘတ်သန်း၂၀ ပံ့ပိုးမှုဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းလည်းဖြစ်သည်။

ယောင်ခကျေးရွာ တစ်ရွာတည်းသာမကဘဲ ကျေးရွာပေါင်း ၁၃ရွာ ပါဝင်သည့် ယောင်ခကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင်ဒေသတွင် နေထိုင်ကြသည့် ဒေသခံတိုင်းရင်းသားအားလုံးကို အကျိုးပြုသည့် စီမံကိန်းဖြစ်သည်။

စီမံကိန်းကို ၂၀၀၃ ခုနှစ် ဇန်နဝါရီလ၌ ဘက်စုံဖွံ့ဖြိုးရေးအဖြစ် စတင်အကောင်အထည်ဖော်ခဲ့ရာ ပညာရေးကဏ္ဍ၌ ကျောင်းသား၅၀၀ဆံ့ အခြေခံပညာ မူလတန်းကျောင်းတစ်ကျောင်းကို ၂၀၀၃ ခုနှစ် မေလတွင်ဆောက်လုပ်ပြီးစီးခဲ့သည်။ ဇွန်လတွင် မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမ ၁၀ဦးဖြင့် ကျောင်းသား ကျောင်းသူ ၂၂၂ဦးတို့အား စတင်ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

ကျန်းမာရေးကဏ္ဍတွင် ၂၀၀၃ခုနှစ် ဖေဖော်ဝါရီလမှစ၍ ၁၆ ခုတင်ဆံ့ ဆေးရုံနှင့် ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်းနေအိမ်ခန်းများကို ဆောက်လုပ်ပေးခဲ့ရာ စက်တင်ဘာလတွင်ပြီးစီးခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်တစ်ဦး၊ သူနာပြုဆရာမလေးဦးတို့ဖြင့် ဒေသခံတိုင်းရင်းသားများအား ဆေးဝါးကုသ ကျန်းမာရေးစောင့်ရှောက်မှုများ စတင်ပြုလုပ်ပေးခဲ့ကြသည်။

စိုက်ပျိုးရေးကဏ္ဍတွင်လည်း ဘိန်းအစားထိုးသီးနှံများ ပြောင်းလဲစိုက်ပျိုးရန် စီမံကိန်းရေးဆွဲဆောင်ရွက်ခဲ့ပြီး ကုန်းမြင့်လယ်မြေ ဧက၁၃၀၀နှင့် လယ်မြေဧက၉၀၀ စုစုပေါင်းဧက၂၂၀၀ ကျော် စပါးစိုက်ပျိုးလျက်ရှိရာ သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ရေးအတွက် အသေးစားတမံခြောက်ခုနှင့် ရေသွယ်မြောင်း ကီလိုမီတာ၂၀ကို ကျေးရွာနေပြည်သူများနှင့် ပူးပေါင်းတည်ဆောက်ဖောက်လုပ်ခဲ့သည်။ လယ်မြေဧက ၈၄၀ကျော်ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးရေ ပေးဝေနိုင်သဖြင့် ဝမ်းစာဖူလုံသည့်အပြင် ဆန်တန် ၂၀၀၀ ကျော်ခန့် ပိုလျှံထွက်ရှိခဲ့သည်။ စံပြစိုက်ပျိုးရေးပညာပေးစခန်းအဖြစ် ရာသီသီးနှံ၊ နှစ်တိုနှစ်ရှည်သီးနှံများစိုက်ပျိုး၍ ကျေးရွာလူထုအား စိုက်ပျိုးရေးပညာပေးကာ ပြောင်း၊ ပဲပုပ်၊ ဝါ၊ မျှစ်ချို၊ မက္ကာဒေးမီးယားစသည့်ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးစေခဲ့ပြီး စီမံကိန်းဒေသမှထွက်ရှိသည့် ဘိန်းအစားထိုးသီးနှံများကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချရန်လည်း စီစဉ်ထားကြောင်းသိရသည်။

အလားတူ မွေးမြူရေးကဏ္ဍတွင် ငါးကန်များတူးဖော်၍ ငါးခူ၊ တီလားဗီးယားစသည့် ငါးများမွေးမြူခြင်း၊ ဒေသနှင့်ကိုက်ညီသော ဥစားကြက်၊ အသားစားကြက်၊ ဝက်များမွေးမြူထားရှိပြီး ကျေးရွာအိမ်ထောင်စုများအား ဖြန့်ဝေမွေးမြူရန် စီစဉ်လျက်ရှိကြောင်းလည်း သိရပေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကာ ဆက်လက်၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသကဲ့သို့ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုပါ နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒီဇင်ဘာ၂၈ရက်က (၁၄) ကြိမ်မြောက်နတ်မောက်မြို့နယ်အသင်း (ရန်ကုန်) ၏ သံဃာတော်အရှင်သူမြတ်များအား ပူဇော်ပွဲ အခမ်းအနားကို ကြည့်မြင်တိုင်မြို့နယ် နတ်စင်လမ်းရှိ သာမု ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ အလှူရှင်တို့က ဝိနယရေ ဝိနယကောဝိဒဘွဲ့တံဆိပ်တော်ရ အရှင်သီရိကဥ္စနအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးလှသိန်းဆွေ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ၊ ရှေ့လုပ်ငန်းစဉ်များမှာကြား

ရန်ကုန် ဒီဇင်ဘာ ၃၀

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးလှသိန်းဆွေသည် ဒီဇင်ဘာ၂၆ရက်တွင် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အထူးအရာရှိတို့နှင့်အတူ မန္တလေးမြို့သို့ရောက်ရှိလာပြီး နံနက်ပိုင်းတွင် မြန်မာ့စီးပွားရေးဘဏ်တိုင်းမန်နေဂျာရုံး၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ (၁)၊ (၂) နှင့် (၃)တို့ကိုလည်းကောင်း၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့ကိုလည်းကောင်း၊ နေ့လယ်ပိုင်းတွင် ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းအခွန်ဦးစီးမှူးရုံးနှင့် မြို့နယ်အခွန်ဦးစီးဌာနရုံးများ၊ အောင်ဘာလေသိန်းဆုဌာနခွဲ (အထက်မြန်မာပြည်ရုံးခွဲ)တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မန္တလေးတိုင်း အခွန်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဒုတိယဝန်ကြီးသည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး ရှေ့လုပ်ငန်းစဉ်များအား အသေးစိတ်ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂျပန်ဘာသာသင်တန်းများဖွင့်လှစ်မည်

ရန်ကုန် ဒီဇင်ဘာ ၃၀

ဂျပန်ဘာသာကို အခြေခံမှစ၍ လေ့လာသင်ယူလိုသူများနှင့် အခြားအဆင့်များအတွက် ဂျပန်ဘာသာသင်တန်းများကို ထပ်မံဖွင့်လှစ်ထားသည်။

အခြေခံအဆင့်အတွက် စနေနှင့်တနင်္ဂနွေနေ့များတွင် ညနေ ၅နာရီခွဲမှ ၇နာရီခွဲအထိ တစ်ပတ်လျှင်နှစ်ရက်(ငါးလသင်တန်း)ဖြစ်ပြီး သင်ရိုးမှာ Minna no nihongo I ဖြစ်သည်။ Level-4 ဖြေဆိုပြီးသူများအတွက် စနေနှင့် တနင်္ဂနွေနေ့များတွင် နံနက် ၉နာရီမှ ၁၁နာရီနှင့် တနင်္လာနေ့ညနေ ၅နာရီခွဲမှ ၇နာရီခွဲ အထိ တစ်ပတ်လျှင် သုံးရက် (သုံးလသင်တန်း)ဖြစ်ပြီး သင်ရိုးမှာ Minna no nihongo II ဖြစ်သည်။ Level-3 ဖြေဆိုပြီးသူများနှင့် Level -2 ဖြေဆိုမည့်သူများအတွက် စနေနှင့်တနင်္ဂနွေနေ့များတွင် နံနက်၇နာရီမှ ၉နာရီအထိ တစ်ပတ်လျှင် နှစ်ရက် (သုံးလသင်တန်း)ဖြစ်ပြီး အဆင့်မြင့်သဒ္ဒါ၊ ဘာသာပြန်၊ Kanji သင်ကြားပေးမည်ဖြစ်သည်။

အထက်ပါသင်တန်းများအားလုံးကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၆ရက်နှင့် ၁၀ရက်မှစတင်၍ အသီးသီး ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်သည်။

စိတ်ပါဝင်စားသူများသည် TODAI Japanese Language Centre အမှတ် ၈(အေ–၃) ဗိုလ်မိုးလမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း–၇၂၁၅၆၃သို့ ဆက်သွယ်စုံစမ်း တက်ရောက်နိုင်သည်။ **(က–ပ)**

အမှတ် ၅၄ (ပထမထပ်) ၂၇ လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိသည့် ၂၀၀၄ ခုနှစ် ဇန်နဝါရီလထုတ် မြားနတ်မောင် မဂ္ဂဇင်း အမှတ် (၁၃၉) မျက်နှာဖုံး။ (က–ပ)

လျှပ်စစ်ကျွမ်းကျင်သင်တန်းများ တက်ရောက်နိုင်

ရန်ကုန် ဒီဇင်ဘာ ၃၀

ESA Engineering Group မှ နိုင်ငံတကာ အတွေ့အကြုံရှိ လုပ်သက်ရင့် လျှပ်စစ်အင်ဂျင်နီယာများ ဦးစီး၍ နိုင်ငံတကာအဆင့်မီ ပင်လယ်ရေကြောင်းဆိုင်ရာ လျှပ်စစ်ပညာနှင့် စက်ရုံအလုပ်ရုံဆိုင်ရာ လျှပ်စစ်ပညာများကို အလွယ်တကူ သင်ယူနိုင်ရန် သင်တန်းများဖွင့်လှစ်ပို့ချလျက်ရှိသည်။

အဆိုပါ သင်တန်းမှ ရေကြောင်း အင်ဂျင်နီယာများအတွက် Electrical Marine Technology ဘာသာရပ်နှင့် ပြည်တွင်းပြည်ပ၌ အလုပ်လုပ်ကိုင်ကြမည့်သူများအတွက် Motor, Generator, Transformer Repairing Rowinding and Maintenance Course ဘာသာရပ်တို့ကို ကျွမ်းကျင်စွာ တတ်မြောက်သည်အထိ သင်ကြားပေးမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများသည် Service Academy Training Centre အမှတ် ၁၀၆ မြေညီထပ် ၃၈ လမ်း (အောက်/လယ်)ကျောက်တံတားမြို့နယ် ရန်ကုန်သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြဝတီရုပ်မြင်သံကြား

၃၁–၁၂–၂၀၀၃

(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှောဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၇။ ကျန်းမာခြင်းသည် နိုင်ငံ့ခွန်အား
- ၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ဒုတိယနှစ် (ဒဿနိကဗေဒ) (ခ)တတိယနှစ်(သမိုင်း)
- ၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ညီအစ်မလေးဖော်"** (အပိုင်း–၁၂)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (အပိုင်း–၁၄)
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဒီဇင်ဘာ ၂၈ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ လေဆိပ်၌ တိုင်းရင်းသားခေါင်းဆောင်များက ကြိုဆိုကြစဉ်။ (သတင်းစဉ်)

✡ **ရှေ့ဖုံးမှ**

တည်ဆောက်ခြင်း လုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊လေယာဉ်စီးခရီးသည်များ ပိုမိုအဆင်ပြေစွာ သွားလာနိုင်ရေးအတွက် အခန်းများ ပြင်ဆင်ဖွဲ့စည်းရန် စီစဉ်ထားမှုနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီး ဦးသန်းညွန့်ဝင်းက မြစ်ကြီးနားလေယာဉ်ကွင်း လေယာဉ်ပြေးလမ်းနှင့် လေယာဉ်ရပ်နားနေရာ ကျောက်ကတ္တရာ ရေပိတ်လွှာခင်းခြင်းနှင့် လက်ရှိလေယာဉ်ပြေးလမ်း အရှည်ပေ ၆၀၀၀၊ အကျယ် ပေ၁၅၀ကို အပိုင်းလိုက် အဆင့်မြှင့်မွမ်းမံနေမှု အခြေအနေကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည်ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေ လိုက်ပါလျက် ဆက်လက်ထွက်ခွာလာကြရာ နံနက် ၁၀ နာရီခွဲတွင် ပူတာအိုမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးခိုင်စိုး၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက ပူတာအိုလေဆိပ်တွင် ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့ ဒုတ္တန် အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ တာဝန်ခံ ကျောင်းအုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

စီစဉ်ဆောင်ရွက်ပေး

ရှေးဦးစွာ ကျောင်းခန်းမ၌တာဝန်ခံကျောင်းအုပ် ဦးဒိန်းခန်ဒါဝီက အလျားပေ ၁၇၀၊ အနံ ပေ၃၀ရှိ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်မှု လုပ်ငန်းတိုးတက်မှု အခြေအနေ၊ သင်ကြားရေးနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တို့ချဲ့ကျောင်းဆောင်သစ် အမြန်ပြီးစီးရေးစီစဉ်ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တိုးချဲ့နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပူတာအိုခရိုင် နောင်မွန်းမြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ နောင်မွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နောင်မွန်းမြို့ ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များနှင့်ဒေသခံရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးထွန်းမြက ၂၀၀၃ ခုနှစ် ဧပြီ ၂၆ ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နောင်မွန်းမြို့သို့ ရောက်ရှိစဉ် ပညာရေး၊ ကျန်းမာရေး၊ ရုပ်သံထပ်ဆင့်လွှင့်စက်တပ်ဆင်ရေး၊ ရေအားလျှပ်စစ် တပ်ဆင်ထုတ်လုပ်ရေး၊ စပါးအထွက်တိုးရေး၊ လမ်းတံတားလုပ်ငန်းများနှင့် ပတ်သက်၍ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ပြီးစီးမှု၊ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသောလုပ်ငန်းများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဖြစ်ထွန်းနိုင်သည့် လက်ဖက်ကို စီးပွားဖြစ် စိုက်ပျိုးရေးတို့အတွက် တာဝန်ရှိသူများက ဒေသခံပြည်သူများအား စည်းရုံးဦးဆောင်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးနည်းစနစ် ပညာပေးခြင်း၊ သီးနှံမျိုး ဖြန့်ဝေပေးခြင်းများ ပံ့ပိုးဆောင်ရွက်ပေးရန်လိုကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ဒေသ၏ စီးပွားရေး တိုးတက်ကောင်းမွန်ရေး၊ အလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် အသစ်တည်ထောင်လျက်ရှိသော နောင်မွန်းမြို့နယ် ပန်နန်းဒင်မြို့သို့ ရောက်ရှိကြရာ ပန်နန်းဒင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ တိုင်းရင်း

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒီဇင်ဘာ ၂၈ ရက်က ကချင်ပြည်နယ် နောင်မွန်းမြို့ခန်းမ၌ နောင်မွန်း အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံ၊ ရုပ်မြင်သံကြားစက်၊ ဗီဒီယိုစက်နှင့် အင်ဗာတာတို့ကို ပေးအပ်စဉ်။ (သတင်းစဉ်)

ကြိုးပမ်းဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် ဒေသဝမ်းစာဖူလုံရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများတိုးချဲ့စိုက်ပျိုးရန် လိုအပ်ကြောင်း၊ စပါးသာမက စားသုံးသီးနှံစုံလင်အောင် စိုက်ပျိုးရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ပေါင်းစပ်အသုံးပြုရေး၊ ဒေသတွင်း ဒေသခံပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်း မြင့်မားရေးတို့အတွက် ဌာနဆိုင်ရာ အကြီးအကဲများက စေတနာရှေ့ထားပြီး ဝီရိယအား၊ တီထွင်ကြံဆမှုအား ပေါင်းစပ်၍ ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက်မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နောင်မွန်း အခြေခံပညာအထက်တန်းကျောင်းအတွက် လှူဒါန်းသည့် ကွန်ပျူတာ တစ်စုံနှင့် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုစက်နှင့် အင်ဗာတာတို့ကို မြို့နယ်ပညာရေးမှူး ဦးရမ်အေးအား လည်းကောင်း၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမြအား လည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီက လှူဒါန်းသည့် ရုပ်မြင်သံကြားစက်များကို ရပ်ကွက်နှင့် ကျေးရွာကိုယ်စားလှယ်များအား ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နောင်မွန်းမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းသို့ သွားရောက်၍ ဆရာတော် ဘဒ္ဒန္တ ဣန္ဒကဉာဏနှင့် ဘဒ္ဒန္တ ဥတ္တရတို့အား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ

သား ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပန်နန်းဒင်မြို့ စုပေါင်းရုံးခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ရှေးဦးစွာ ပန်နန်းဒင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်နှင့် ဝန်ထမ်းများက ပန်နန်းဒင်မြို့၌ ဌာနအသီးသီး၏ ရုံးအဆောက်အအုံများ၊ ကိုယ့်အားကိုယ်ကိုးတည်ဆောက်ဖွင့်လှစ်ထားမှု၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိမှုအခြေအနေ၊ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဆန်ဖူလုံရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မြို့တည်ဆောက်ရေးအတွက် လိုအပ်ချက်များကိုလည်း စီမံဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက်မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပန်နန်းဒင်မြို့ အခြေခံပညာအထက်တန်းကျောင်း အတွက်လှူဒါန်းသည့် ကွန်ပျူတာတစ်စုံ၊ ရုပ်မြင်သံကြားစက်၊ ဗီဒီယိုစက်နှင့် အင်ဗာတာတို့ကို ကျောင်းအုပ် ဦးစိန်မြင့်အားပေးအပ်သည်။

စာမျက်နှာ ၆ ကော်လံ ၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒီဇင်ဘာ ၂၈ ရက်က ကချင်ပြည်နယ် ပူတာအိုမြို့ ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ ခွဲစိတ်ဆောင်သစ်၌ အသုံးပြုမည့် ခေတ်မီကုသရေးကိရိယာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဘဂ္ဂဒက်မြို့တွင် ကြီးမားသောပေါက်ကွဲမှုကြီးဖြစ်ပွား

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၉

ဘဂ္ဂဒက်မြို့တွင် ဒီဇင်ဘာ ၂၉ရက် နေ့လယ်ပိုင်းက ကြီးမားသောပေါက်ကွဲသံကြီးတစ်ခုကို ကြားခဲ့ရပြီး ပေါက်ကွဲမှုကြီးကြောင့် တိုက်ဂရစ်မြစ် အရှေ့ဘက်ကမ်းရှိ အဆောက်အအုံအချို့ ပြတင်းပေါက်များ၊ မှန်များ တုန်ခါသွားခဲ့သည်။ မည်သည့်အတွက်ကြောင့် ပေါက်ကွဲသည်ကို သေချာစွာမသိရသေးသော်လည်း ပေါက်ကွဲမှုကြောင့် ဘဂ္ဂဒက်မြို့နေပြည်သူတို့ အထိတ်တလန့်ဖြစ်ခဲ့ကြရသည်။

ပြောကြား

ပေါက်ကွဲမှုသည် အီရတ်ရှိအမေရိကန်ဦးဆောင်တပ်များ၏ ရုံးချုပ်များရှိသော တိုက်ဂရစ်မြစ်အနောက်ဘက်ကမ်း အစိမ်းရောင်ဒေသ၌ မဟုတ်ကြောင်း ပူးပေါင်းတပ်ဖွဲ့ ပြောခွင့်ရှိသူက ပြောကြားသည်။

ပြုလုပ်

အမေရိကန်တပ်ဖွဲ့များသည် တစ်ခါတစ်ရံတွင် ယခင်အီရတ်အစိုးရပိုင်ဆိုင်ခဲ့သော လက်နက်သိုလှောင်ရုံများကို ဖယ်ရှားပစ်ရန်အတွက် ထိန်းချုပ်ဖောက်ခွဲမှုများကို ပြုလုပ်တတ်ကြသည်။ **(အင်တာနက်)**

ဒီဇင်ဘာ ၂၉ ရက်က ဘဂ္ဂဒက်မြို့အနီး ရှုဒ်ကျေးရွာတွင် အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းရှာဖွေမှုတစ်ရပ်ပြုလုပ်ရာ အဆောက်အအုံတစ်ခုအတွင်း လက်နက်ပုန်းများ ရှာဖွေနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်၏အဖျက်စွမ်းအားကြီးမားသည့် လက်နက်များကိစ္စပြောဆိုမှု မှားယွင်းကြောင်းဝန်ခံရန် ဘလဲကို ဝန်ကြီးဟောင်းရော်ဘင်ကွတ်ခ်က ဖိအားပေး

လန်ဒန် ဒီဇင်ဘာ ၂၉

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲသည် အီရတ်၏အဖျက်စွမ်းအားကြီးမားသော လက်နက်များနှင့်စပ်လျဉ်း၍ မှားယွင်းကြောင်းဝန်ခံရန် အသစ်တစ်ဖန် ဖိအားပေးခံနေရသည်။ အဆိုပါလက်နက်များ ရှာဖွေတွေ့ရှိသည့် အထောက်အထားများရှိကြောင်း ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲက အခိုင်အမာပြောဆိုခဲ့သည်ကို အီရတ်ရှိ အမေရိကန်အရပ်ဘက်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက ဆန့်ကျင်ပြောဆိုခဲ့ပြီး နောက်တစ်နေ့တွင် တိုနီဘလဲသည် အသစ်တစ်ဖန် ဖိအားပေးခံခဲ့ရခြင်း ဖြစ်သည်။

ပြောဆို

ဝန်ကြီးချုပ်၏ ပြောဆိုချက်သည် ဝန်ကြီးချုပ်အတွက် ဂုဏ်သိက္ခာမဲ့စေကြောင်း၊ ဗြိတိန်နိုင်ငံအတွက် စိုးရိမ်ပူပန်စရာဖြစ်ကြောင်း၊ လူတိုင်းသိမြင်နိုင်သည့် အိပ်မက်ဆန်သော ခြိမ်းခြောက်မှုကိုယုံခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်တိုနီဘလဲအား အမေရိကန်ဦးဆောင်သော အီရတ်စစ်ပွဲတွင် ပူးပေါင်းခြင်းအတွက် အစိုးရအဖွဲ့မှ နုတ်ထွက်သွားခဲ့သော ယခင်နိုင်ငံခြားရေးဝန်ကြီး ရော်ဘင်ကွတ်ခ်က ပြောဆိုသည်။

ပြောကြား

အဆုံးရှုံးခံရသည်နှင့် ယုံကြည်မှုကို ပြန်ရရန်ခဲယဉ်းကြောင်း၊ ထိုဆုံးရှုံးမှုသည် အစိုးရ၏ ယုံကြည်ထိုက်မှုကို ထိခိုက်စေကြောင်း ရော်ဘင်ကွတ်ခ်က ပြောဆိုသည်။ တိုနီဘလဲသည် ဗြိတိန်နိုင်ငံတွင် ယုံကြည်မှုအနည်းဆုံး အဖြစ်ခံရသော နိုင်ငံရေးခေါင်းဆောင်ဖြစ်ကြောင်းကို အင်တာနက်မှနေ၍ လူထုသဘောထားစစ်တမ်း၌ ပြသခဲ့မှုအပေါ် ဝေဖန်ရာ၌ ရော်ဘင်ကွတ်ခ်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အီရတ်စစ်ပွဲစချိန်မှသေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် ၄၇၈ဦးရှိပြီ

ဝါရှင်တန် ဒီဇင်ဘာ ၃၀

အီရတ်နိုင်ငံတွင် သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်များအရေအတွက်သည် အီရတ်၌ စစ်ပွဲစတင်ဆင်နွှဲခဲ့သည်မှ ဒီဇင်ဘာ ၂၉ရက် (တနင်္လာနေ့) ရောက်ချိန်ထိ ၄၇၈ဦးရှိကြောင်း ကာကွယ်ရေးဌာနက ကြေညာသည်။ ထိုသေဆုံးသူများအနက် ၃၂၇ဦးမှာ တိုက်ပွဲ၌ သေဆုံးခြင်းဖြစ်ပြီး ၁၅၁ဦးမှာ တိုက်ပွဲမဟုတ်ဘဲ သေဆုံးခြင်းဖြစ်သည်ဟု ကာကွယ်ရေးဌာနက ပြောကြားသည်။ အီရတ်တွင် စစ်ပွဲကြီးပြီးဆုံးပြီဟု ကြေညာခဲ့သည့် မေ ၁ရက် သို့မဟုတ် ထိုမေ ၁ ရက်မှစပြီး သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၃၄၀ ဖြစ်ကြောင်း၊ ယင်းအနက် ၂၁၂ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၁၂၈ဦးမှာ တိုက်ပွဲမဟုတ်ဘဲသေဆုံးကြောင်း ကာကွယ်ရေးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

စစ်ပွဲစတင်ခဲ့သည်မှ တိုက်ပွဲ၌ ဒဏ်ရာရသူ အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက် ၂၃၆၈ဦးရှိပြီး ၃၇၂ဦးမှာ တိုက်ပွဲ၌မဟုတ်ဘဲ ဒဏ်ရာရခဲ့သည်ဟု ကာကွယ်ရေးဌာနက ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ကင်းလှည့်စောင့်ကြပ်

ဒီဇင်ဘာ ၂၉ ရက်က ကာဘာလာမြို့၌ လုံခြုံရေးအတွက် ကင်းလှည့်စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆက်ဒမ်ဟူစိန် အဖမ်းခံရပြီးနောက်ပိုင်းတွင် ပြောက်ကျားများက အပြင်းအထန်ဆုံးတိုက်ခိုက်

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၉

ဆက်ဒမ်ဟူစိန်အား လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်က ဖမ်းဆီးမိပြီးနောက် ခုခံတွန်းလှန်ရေးအင်အားစုများက အီရတ်နိုင်ငံ၌ အကြီးမားဆုံး ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပြုလုပ်လာသည်။

ဘဂ္ဂဒက်မြို့မြောက်ဘက်မိုင်၄၀ခန့်အကွာ ဘာကူဘာအနီးတွင် အမေရိကန်တပ်ဖွဲ့ဝင်များ စီနင်းလိုက်ပါလာသည့်ယာဉ်တန်းကို ယမန်နေ့က ဗုံးထောင်တိုက်ခိုက်ခဲ့ပြီး ဘာကူဘာမြို့အနီး တပ်စခန်းကို ခုခံတွန်းလှန်ရေး အင်အားစုများက ခရစ္စမတ်နေ့တွင် စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။

အီရတ်နိုင်ငံတောင်ပိုင်းတွင် ယမန်နေ့က ပိုလန်တပ်ဖွဲ့ဝင်များကို ခုခံတွန်းလှန်ရေးပြောက်ကျားများက ချုံခိုတိုက်ခိုက်ခဲ့ကြသည်။

ဘဂ္ဂဒက်မြို့တော်ကို ခုခံတွန်းလှန်ရေးသမားများ ကင်းရှင်းစေရေး အမေရိကန်တပ်ဖွဲ့ဝင်များက သုံးရက်တိုင် စစ်ဆင်ဖမ်းဆီးပြီးနောက် ယင်းသို့ တိုက်ပွဲများပြင်းထန်လာခြင်းဖြစ်သည်။ **(အင်တာနက်)**

အီရန်ငလျင် သေဆုံးသူစုစုပေါင်း သုံးသောင်းအထိရှိနိုင် ရောဂါများဖြစ်ပွားလာနိုင်ကြောင်း တာဝန်ရှိသူများ သတိပေး

ဘမ်း(အီရန်) ဒီဇင်ဘာ ၂၉

အီရန်နိုင်ငံ၏ ရှေးဟောင်းမြို့ဖြစ်သော ဘမ်းမြို့တွင် လှုပ်သွားခဲ့သည့် ငလျင်ကြောင့် စုစုပေါင်းသေဆုံးသူဦးရေသည် ၃၀၀၀၀ ရှိနိုင်ကြောင်းနှင့် ရောဂါဘယများဖြစ်ပွားလာနိုင်ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက သတိပေးပြောဆိုထားသည်။

အသက်ရှင်ကျန်ရစ်သူများကို နောက်ထပ်ရှာဖွေတွေ့ရှိရန်မှာ နောက်ဆုံးမျှော်လင့်ချက် ဖြစ်ကောင်းဖြစ်နိုင်ကြောင်း ကယ်ဆယ်ရေးသမားများက တနင်္လာနေ့တွင် ပြောဆိုခဲ့ကြသည်။ အသက်ရှင်ကျန်ရစ်နိုင်သူများကို ရှာဖွေခဲ့ကြသည်မှာ လေးရက်မြောက်ရှိပြီဖြစ်ရာ ကယ်ဆယ်ရေးသမားများက အသက်ရှင်ကျန်ရစ်သူများအား မရှာဖွေတော့ကြောင်း ပြောဆိုခဲ့ကြသည်။ အဆိုပါ ငလျင်ကြောင့် အချို့ကျေးရွာများသည် ဘမ်းမြို့ထက်ပင် ဆိုးဆိုးရွားရွားပျက်စီးခဲ့ရာ ရာခိုင်နှုန်းပြည့် ပျက်စီးကြောင်း ကုလသမဂ္ဂ ကယ်ဆယ်ရေး ညှိနှိုင်းမှုအဖွဲ့မှ အလိန်းပါရေးက ပြောဆိုသည်။

ပြည်ထဲရေးဝန်ကြီးက ရုပ်မြင်သံကြားမှနေ၍ သေဆုံးသည့် အလောင်း ၂၀၀၀၀ခန့် ပြန်ရကြောင်းနှင့် ပိုများလာဖွယ်ရှိကြောင်း ပြောဆိုသည်။ အဆိုပါငလျင်ကြောင့် လူ၃၀၀၀၀ခန့် ဒဏ်ရာရခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်ရဲတပ်ဖွဲ့ဝင်များ ကာဘာလာမြို့၌ အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့သော ဗုံးကျင်းကြီးကို ဒီဇင်ဘာ ၂၉ ရက်က ကြည့်ရှုနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စွမ်းအားပြင်းဗုံး ရှာဖွေ

ပြောက်ကျားများက အမေရိကန်တပ်ဖွဲ့ဝင်များကို စွမ်းအားပြင်းဗုံးများဖြင့် ခုခံတိုက်ခိုက်လျက်ရှိသည်။

(ယာပုံမှာ အမေရိကန်တပ်ဖွဲ့ဝင်များက စွမ်းအားပြင်းဗုံးများကို ရှာဖွေနေစဉ်အတွင်း အမေရိကန် အပါချီရဟတ်ယာဉ် တစ်စင်း ဝေဟင်မှ စောင့်ကြပ်ပျံသန်းနေစဉ်။)

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ပြောက်ကျားများက ကျူးကျော်တပ်များကို စွမ်းအားပြင်းထန်သောဗုံးများဖြင့်တိုက်ခိုက် ဆက်ဒမ်ပြန်လွှတ်ပေးရန် အိန္ဒိယပြည်သူများ ဆန္ဒပြတောင်းဆို

ဒီဇင်ဘာ ၂၇ ရက်က မိုဆူးလ်မြို့၌ တိုက်ခိုက်ခံရသော မော်တော်ယာဉ်တစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ယာပုံမှာ ဒီဇင်ဘာ ၂၉ ရက်က ဘဂ္ဂဒက်မြို့အနီး ရုဒ် ကျေးရွာ၌ အမေရိကန်တပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းရှာဖွေရာတွင် အီရတ်တစ်ဦးအား ဖမ်းဆီးထားစဉ်။

(ယင်းကဲ့သို့ ရှာဖွေရာတွင် သံသယမကင်းသူ အီရတ် ၁၈ ဦးကို ဖမ်းဆီးသွားသည်ဟု သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း

အီရတ် မြင်ကွင်း

လုံခြုံရေးစောင့်ကြပ်

ဝဲပုံမှာ ဒီဇင်ဘာ ၂၆ ရက်က ဘဂ္ဂဒက်မြို့ပါလက်စတိုင်းဟိုတယ်အနီး လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တင့်ကားတစ်စီးကို တွေ့ရစဉ်။

(အမေရိကန်ဆန့်ကျင်ရေး အီရတ်ပြောက်ကျားများက ဘဂ္ဂဒက်မြို့၌ ဒုံးကျည်များ၊ မော်တာများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒီဇင်ဘာ ၂၉ ရက်က ကချင်ပြည်နယ် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ပူတာအိုခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် ရုပ်မြင်သံကြားစက်၊ရုပ်မြင်သံကြားဖမ်းစလောင်း၊ အပ်ချုပ်စက်ခေါင်း၊ ဆေးအမျိုးမျိုး၊ အဝတ်အထည်၊အနွေးထည်နှင့်စောင်၊ ဆားတို့ကို ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားများအား ပေးအပ်သည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံများ၊တိုင်းရင်းသားများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ပူတာအိုမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာအောင်ဝင်းနှင့် ဆရာဝန်၊ဆရာမများကကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အသစ်တည်ဆောက်ပြီးစီးနေသည့် ခွဲစိတ်ဆောင်သစ်၊ ခွဲစိတ်ဆောင်သစ်၌ အသုံးပြုမည့် ခေတ်မီကုသရေး ကိရိယာများ၊ လက်ရှိဆေးရုံ အဆောက်အအုံမွမ်းမံရန် ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တိုးချဲ့ဆေးရုံ အဆောက်အအုံ တည်ဆောက်ရန် မြေနေရာရွေးချယ်ပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့ရှိ သစ်တောရေးရာဝန်ကြီးဌာနမှ တည်ထောင်ထားသော ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပညာပေးပြခန်းသို့ ရောက်ရှိကြပြီး ဒေသရင်းသစ်ခွမျိုးပြကွက်၊ လိပ်ပြာနှင့် ကျေးငှက်မျိုး နမူနာများနှင့် သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်များ ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှု မှတ်တမ်းတင်ပိုစတာများ၊ ဓာတ်ပုံများနှင့် စာတမ်းများကို ကြည့်ရှုပြီး လိုအပ်သည်များနှင့်တိုးချဲ့ဆောင်ရွက်ဖွယ်ရာများကို မှာကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဦးတင်မြင့်နှင့် နည်းပြများ၊ ကျောင်းသားများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘုရားခန်းနှင့်ကျောင်းသားအိပ်ဆောင်တို့ကိုကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် သင်တန်းခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား ကျောင်းသားများက "ပြည်ထောင်စုအတွက် ထာဝစဉ်" တေးသီချင်းဖြင့်သီဆိုဂါရဝပြုကြသည်။

ယင်းနောက် ကျောင်းအုပ်ဦးတင်မြင့်က ပူတာအိုမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက် အကောင်အထည် ဖော်လျက်ရှိသော လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်တန်းကျောင်း၏ ရည်ရွယ်ချက်များ ပြည့်မြောက် အောင်မြင်အောင် ဆောင်ရွက်ကြရေးနှင့် တိုးမြှင့်ဆောင်ရွက်ရေး လုပ်ငန်းများကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် သင်တန်းသား၇၄ဦးအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် ကျောင်းသားဝတ်စုံတို့ကို တစ်ဦးစီပေးအပ်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့ ခါကာဘိုရာဇီရိပ်သာသို့ရောက်ရှိရပ်နားကြသည်။

ညှိနှိုင်းဆောင်ရွက်ပေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဒီဇင်ဘာ၂၉ရက် နံနက်စနာရီခွဲတွင် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ပူတာအိုခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသား ခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပူတာအိုခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မြို့က ပူတာအိုခရိုင်၏ တည်နေရာနှင့် အကျယ်အဝန်း၊ရာသီဥတုအခြေအနေ၊ ခရိုင်အတွင်း မြေအသုံးချမှု၊ မိုးစပါးစိုက်ပျိုးမှု၊ အထွက်နှုန်းနှင့် ထွက်ရှိမှု၊ ဝမ်းစာဖူလုံမှုအခြေအနေ၊ နှံစားသီးနှံ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ စားဖိုဆောင်သီးနှံစသည့် သီးနှံစုံစိုက်ပျိုးမှု၊ စက်မှုကုန်ကြမ်း သီးနှံနှင့် နှစ်ရှည်ပင်စိုက်ပျိုးမှု၊ ဆည်မြောင်းလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက်လိုအပ်သော လမ်းတံတားလုပ်ငန်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း၊ဒေသဝမ်းစာဖူလုံရေးအတွက် တောင်ယာ/ကုန်းမြင့်လယ်ယာတိုးချဲ့ဖော်ထုတ်စိုက်ပျိုးရေး၊ ဒေသဝမ်းစာဖူလုံရေးနှင့် ဒေသစီးပွားရေးဖြစ်ထွန်းရေးအတွက် သီးနှံအမယ်များရွေးချယ်စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများအတွက် ဒေသခံများအတွက် အထူးသင်တန်းများပေးရေး၊ ကျေးလက် လျှပ်စစ်ရရှိရေး၊ ရုပ်သံလွှင့်ဖမ်းစက်ရုံတည်ဆောက်ပေးရေး၊ ပူတာအိုလေယာဉ်ကွင်း လေယာဉ်ပြေးလမ်းမွမ်းမံရေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်လျက် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ ပါဝင်သည့် မိမိတို့အဖွဲ့သည် ပူတာအိုခရိုင်ရှိ ဒေသဆိုင်ရာ အာဏာပိုင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိ မြို့ဖများ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံပြီး ပူတာအိုခရိုင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးရန် သီးသန့်စီစဉ်ပြီး လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒီဇင်ဘာ ၂၉ရက်က ကချင်ပြည်နယ် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ပူတာအိုအခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံ၊ ရုပ်မြင်သံကြားစက်နှင့် ဆက်စပ်ပစ္စည်းများကိုပေးအပ်စဉ်။ (သတင်းစဉ်)

ယမန်နေ့ကလည်းနောင်မွန်းမြို့နှင့် ပန်နန်းဒင်မြို့တို့သို့ ခရီးခဲဆစ် သွားရောက်ပြီး နယ်စပ်အစွန်အဖျားဒေသများရှိ မိမိတို့တိုင်းရင်းသူ တိုင်းရင်းသားပြည်သူများ၏ နေထိုင်စားသောက်မှုအခြေအနေများကို ကွင်းဆင်းလေ့လာ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း။

နိုင်ငံတော်တာဝန်ရှိသူများအနေဖြင့် နယ်စပ်ဒေသအစွန်အဖျားရှိ ဖွံ့ဖြိုးမှုနောက်ကျနေသော ဒေသများသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် မိဘက သားသမီးများအပေါ်ထားရှိသည့်စေတနာစိတ်ထား၊မိသားစုစိတ်ဓာတ်တို့ဖြင့် လိုအပ်သည်များကို လေ့လာသုံးသပ်ဖြည့်ဆည်း ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားမျိုးနွယ်စု တစ်ရာကျော် ပေါင်းစည်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုကြီးဖြစ်ကြောင်း၊ ယခင်ခေတ်ကာလက တိုင်းရင်းသားစည်းလုံးညီညွတ်မှုယိုယွင်းခဲ့ပြီး လက်နက်ကိုင်ဆန့်ကျင်မှုများ ပေါ်ပေါက်ခဲ့ရာ တည်ငြိမ်အေးချမ်းမှုမရှိသော ဒေသများမှာ ဖွံ့ဖြိုးမှု နောက်ကျကျန်ခဲ့ရကြောင်း။

အချို့သောဒေသများမှာမူလမ်းပန်းဆက်သွယ်မှုမကောင်းမွန်ခြင်း၊ တာဝန်ရှိသူများကလည်း သက်ဆိုင်ရာဒေသနှင့် ကင်းကွာပြီး အဝေးမှပင် စီမံဆောင်ရွက်ခဲ့ကြသဖြင့် ဒေသဖွံ့ဖြိုးမှု နောက်ကျကျန်ခဲ့ရကြောင်း။

မည်သို့အကြောင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့ရသည်ဖြစ်စေ ယနေ့ အချိန်ကာလတွင် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီအကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရမည့် အချိန်အခါရောက်ပြီဆိုသည့် သဘောထားဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းအောင်၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင်၊ ဒေသ၏စီးပွားရေးဖွံ့ဖြိုးအောင်တစ်နိုင်ငံလုံးဖြန့်ကြက်ပြီး စီမံဆောင်ရွက်ပေးလျက်ရှိခြင်းဖြစ်ကြောင်း။

ပူတာအိုမြို့သည် လမ်းပန်းအဆက်အသွယ် ရှိသော်ငြားလည်း လမ်းမကောင်းမှု လမ်းပြုပြင်ရေးအတွက် ဗဟိုမှ စီစဉ်ဆောင်ရွက်ပေးခဲ့သော်လည်း လက်တွေ့ဆောင်ရွက်ရသည့် ဌာနဆိုင်ရာများ၏ ချို့ယွင်းအားနည်းမှုတို့ကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေဆဲပင်ဖြစ်ကြောင်း။

သို့ဖြစ်၍ မြစ်ကြီးနား-ပူတာအိုလမ်းကို နှစ်နှစ်အတွင်း ပြီးစီးအောင် အဆင့်မြှင့်တင် မွမ်းမံသွားရန်နှင့် ပူတာအို-နောင်မွန်း-ပန်နန်းဒင်လမ်းကို မော်တော်ဆိုင်ကယ်လမ်းအဖြစ် ပထမအဆင့်အနေဖြင့် ဖောက်လုပ်သွားရန် ယခုခရီးစဉ်တွင်ပင် စီစဉ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ပူတာအိုဒေသသည် မြန်မာနိုင်ငံ၏ မြောက်ဖျားတွင်ရှိပြီး ရေမြေသဘာဝပတ်ဝန်းကျင် မပျက်မယွင်းရှိနေမှု၊ ဆီးနှင်းဖုံး တောင်တန်းကြီးများရှိနေမှုတို့ကြောင့် သဘာဝအခြေခံကမ္ဘာလှည့်ခရီးသည်လုပ်ငန်း (Eco-tourism) အောင်မြင်ဖြစ်ထွန်းနိုင်မည့် အလားအလာကောင်းများရှိနေကြောင်း။

ကမ္ဘာလှည့် ခရီးသည်လုပ်ငန်း အောင်မြင်ဖြစ်ထွန်းပါက ဒေသလည်း တစ်ရှိန်ထိုး တိုးတက်လာမည်ဖြစ်ရာ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်သွားရန် နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်နေပြီလည်း ဖြစ်ကြောင်း။

ယင်းသို့သော အခြေအနေတွင် ဒေသခံတိုင်းရင်းသား ပြည်သူများကလည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးလုပ်ငန်းများ တိုးပွားဖြစ်ထွန်းရေးအတွက် ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ပူတာအိုဒေသသည် မြေဆီ မြေဩဇာကောင်းမွန်ပြီး စိုက်ပျိုးရေးဖြစ်ထွန်းနိုင်သည့် ဒေသဖြစ်ရာ ဝမ်းစာဖူလုံအောင် ဆန်စပါး တိုးချဲ့စိုက်ပျိုးခြင်း၊ လက်ဖက်၊ မက္ကာဒေးမီးယား၊ သစ်ကြားသီး စသည့် ဒေသတွင်းဖြစ်ထွန်းနိုင်သည့် သီးနှံများ စုံလင်အောင် စီးပွားဖြစ်စိုက်ပျိုးခြင်း၊ ဟိုတယ်လုပ်ငန်းတွင် အသုံးပြုနိုင်သည့် မှို၊ ဟင်းသီးဟင်းရွက်ကဲ့သို့သော စားသုံးသီးပင်များ စိုက်ပျိုးခြင်း၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ခြင်း၊ မုံညင်း၊ မြေပဲ၊ ပန်းနှမ်း စသည့် ဆီထွက်သီးနှံများ စိုက်ပျိုးခြင်း စသည့် နည်းလမ်းအသွယ်သွယ်ဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

ပူးပေါင်းဆောင်ရွက်

ထို့အပြင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို မွေးမြူပြီး တိုင်းရင်းသားလူမျိုးများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် မိမိနိုင်ငံ၊ မိမိဒေသဖွံ့ဖြိုးတိုးတက်အောင်၊တည်ငြိမ်အေးချမ်းအောင်၊ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲအောင် တက်ညီလက်ညီ လက်တွဲပူးပေါင်း ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁

လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒီဇင်ဘာ ၂၉ ရက်က ကချင်ပြည်နယ် ပူတာအိုမြို့ ထေရဝါဒဗုဒ္ဓဘာသာ ဗဟိုသာသနာပြုကျောင်း၌ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဣန္ဒာစာရနှင့် ဆရာတော် သံဃာတော်များအား ပူဇော်ကန်တော့ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒီဇင်ဘာ ၂၉ ရက်က ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ် တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

ထို့အတူ ဌာနဆိုင်ရာဝန်ထမ်းများကလည်း မိမိတို့တာဝန်ကျရာဒေသ ဖွံ့ဖြိုးတိုးတက်အောင်၊ ဒေသခံပြည်သူများ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရအောင် ပြည်သူများကို စည်းရုံးဦးဆောင်ပြီး ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားလိုကြောင်း။

ဌာနဆိုင်ရာအားလုံး သူ့တာကိုယ့်တာမခွဲခြားဘဲ စုပေါင်းခေါင်းဆောင်မှု၊စုပေါင်းတာဝန်ယူမှုတို့ဖြင့် ဌာနအသီးသီးပါဝင်သော ကဏ္ဍအလိုက် ကော်မတီများဖွဲ့စည်းလျက် ဆွေးနွေးညှိနှိုင်း ပူးပေါင်းဆောင်ရွက် သွားကြရန် မှာကြားသည်။

ပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပူတာအိုမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံ၊ ရုပ်မြင်သံကြားစက်နှင့် စပ်ဆက်ပစ္စည်းများကိုလည်းကောင်း၊ ပူတာအိုမြို့ ဒုတိယ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်နှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ပူတာအိုမြို့ နမ်ဟော့ အလယ်တန်းကျောင်းခွဲအတွက် ကွန်ပျူတာ တစ်စုံနှင့် ကျောင်းသုံးဗလာစာအုပ်များကို လည်းကောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသခံ ရဝမ်တိုင်းရင်းသားခေါင်းဆောင် ဦးဖုန်းယားဖေရမ်၊ လီဆူးတိုင်းရင်းသားခေါင်းဆောင် ဦးလာဖီးဒီး၊ ဂျိန်းဖောတိုင်းရင်းသားခေါင်းဆောင် ဦးဂျွန်အောင်နှင့် ခန္တီးရှမ်းတိုင်းရင်းသားခေါင်းဆောင် ဦးစောဝင်းခွန်တို့အား နှစ်သစ်ကူးလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ပူတာအိုမြို့ နမ်ဟော့ အလယ်တန်း ကျောင်းခွဲအတွက် ရုပ်မြင်သံကြားစက်နှင့် ဆက်စပ်ပစ္စည်းများကို ကျောင်းအုပ်ကြီးအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာကြီး ဦးချစ်လှိုင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်၏ ပံ့ပိုးမှု၊ မိဘပြည်သူများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် တည်ဆောက်ခဲ့သည့် နှစ်ထပ်ကျောင်းဆောင်သစ်ကို ကြည့်ရှုကြပြီး အိမ်တွင်းမှုသိပ္ပံခန်း၊Language Lab၊ Computer Centreနှင့် Learning Centre တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပူတာအိုမြို့ ထေရဝါဒဗုဒ္ဓဘာသာ ဗဟိုသာသနာပြုကျောင်းသို့ သွားရောက်၍ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဣန္ဒာစာရ အမှူးပြုသော ဆရာတော်သံဃာတော်တို့အား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပူတာအိုမြို့ကောင်ကတောင်ရပ်၊ ရာဇီကုန်း၌ ဟိုတယ်တည်ဆောက်နိုင်မည့် အခြေအနေကို ကြည့်ရှုကြသည်။

ကြိုဆို

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပူတာအိုမြို့မှတစ်ဆင့် မွန်းလွဲ ၁နာရီခွဲတွင် ဆွမ်ပရာဘွမ်မြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ ပူတာအိုခရိုင်နှင့်ဆွမ်ပရာဘွမ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆွမ်ပရာဘွမ်မြို့ ဘန်ရှုခန်းမ၌ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်က ဆွမ်ပရာဘွမ်မြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ရာသီဥတုအခြေအနေ၊ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အိမ်ခြေ၊ အိမ်ထောင်စု လူဦးရေ၊ စပါး၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ စိုက်ပျိုးမှုအခြေအနေ၊ ဝမ်းစာဖူလုံမှုအခြေအနေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများအခြေအနေနှင့်လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

လုပ်ငန်းလိုအပ်ချက်

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာနအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများအခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ဆွမ်ပရာဘွမ်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် မိမိနှင့်တကွ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ လိုက်ပါလျက် ရာသီဥတုခက်ခဲသည့်ကြားမှ ဆွမ်ပရာဘွမ်မြို့သို့ အရောက်လာခဲ့ကြခြင်းဖြစ်ကြောင်း။

ဆွမ်ပရာဘွမ်မြို့သည် သာယာလှပသော တောင်ပေါ်မြို့ကလေးအဖြစ် မြန်မာပြည်တစ်လွှားတွင် ကျော်ကြားလှသည့် မြို့တစ်မြို့ဖြစ်ကြောင်း။

သို့ရာတွင် လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်မှုကြောင့် ဖွံ့ဖြိုးတိုးတက်မှုတွင် နောက်ကျနေခဲ့ရာ ဒေသဖွံ့ဖြိုးရေးအတွက်လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်အောင် အဓိကထား ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း။

စီစဉ်ဆောင်ရွက်ပေးခဲ့

ယခုခရီးစဉ်အတွင်း မြစ်ကြီးနား–ဆွမ်ပရာဘွမ်–ပူတာအိုကားလမ်းကို နှစ်နှစ်ကာလအတွင်းအပြီး အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ဒေသရှိ ကလေးငယ်များ၏ ပညာရေးအတွက်လည်း အထက်တန်းကျောင်းခွဲကို အထက်တန်းကျောင်းအဆင့်တိုးမြှင့်ပေးရန်နှင့် အခြေခံပညာမူလတန်းကျောင်းနှစ်ကျောင်း တိုးချဲ့ဖွင့်လှစ်ပေးရန် စီစဉ်ပေးခဲ့ပြီးဖြစ်ကြောင်း။

လက်ရှိ အထက်တန်းကျောင်း အဆောက်အအုံမှာ ယိုယွင်းနေပြီဖြစ်သဖြင့် အဆောက်အအုံသစ် တည်ဆောက်ပေးသွားရန်လည်း စီစဉ်ပေးခဲ့ပြီးဖြစ်ကြောင်း။

လက်ရှိခုတင်(၅၀)ဆံ့ဆွမ်ပရာဘွမ်ဆေးရုံတွင်လည်း ဆေးရုံအဆောက်အအုံသစ် တည်ဆောက်ပေးလျက်ရှိနေသလို လိုအပ်သောဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများ စုံလင်ဖြစ်အောင် ဖြည့်ဆည်းပေးရေး ညှိနှိုင်းစီစဉ်ပေးခဲ့ပြီးလည်းဖြစ်ကြောင်း။

ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများကလည်း ဝန်ထမ်းကျင့်ဝတ်နှင့် စည်းကမ်းများကို တိကျစွာလိုက်နာပြီး မိမိတို့ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန် မှာကြားလိုကြောင်း။

အထက်အဖွဲ့အစည်း အဆင့်ဆင့်ကလည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသများတွင် တာဝန်ထမ်းဆောင်နေကြသည့် မိမိတို့၏ ဝန်ထမ်းများ အခြေအနေကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး လိုအပ်သည်များပံ့ပိုးပေးခြင်း၊ သက်သာချောင်ချိရေးအတွက် စီမံပေးခြင်း၊ အချိန်ကျရောက်ပါက စီမံချက်အတိုင်း ပြောင်းရွှေ့ပေးခြင်းများကို စနစ်တကျစီမံဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ပြည်သူ့အကျိုးကိုဦးတည်

မြို့နယ်အဆင့်တွင် တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဒေသခံပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်း စေရေးအတွက် မိမိတို့၏ လုပ်ငန်းတာဝန်များကို ပြည့်ပြည့်ဝဝကျေကျေပွန်ပွန် ဆောင်ရွက်ကြခြင်းအားဖြင့် ပြည်သူများ၏ ဘဝ ပြည့်စုံဖူလုံပြီး လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစေမှုနှင့်အတူ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပိုမိုတိုးပွားခိုင်မာလာအောင် အထောက်အကူပြုရာလည်းရောက်မှာဖြစ်ကြောင်း။

သို့ဖြစ်၍ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ပြည်သူများကို စည်းရုံးဦးဆောင်ပြီး မိမိတာဝန်ကျရာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပ်မိရပ်ဖများ၊ ပြည်သူများနှင့် စည်းလုံးညီညွတ်စွာဖြင့် ဒေသအကျိုး၊ ပြည်သူအကျိုးကို ဦးတည်လျက် ကြိုးပမ်းဆောင်ရွက်သွားကြရန်ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆွမ်ပရာဘွမ်မြို့ အခြေခံပညာအထက်တန်းကျောင်းခွဲအတွက် ကွန်ပျူတာတစ်စုံ၊ ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုပြစက်တို့ကို ကျောင်းအုပ်ဆရာကြီးအားလည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီက ဒေသခံ ပြည်သူများအတွက်လှူဒါန်းသည့် စောင်နှင့်အဝတ်အထည်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအားလည်းကောင်း ပေးအပ်သည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဒေသခံပြည်သူများအတွက် ဆားနှင့်စားစရာပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌအား ပေးအပ်သည်။

ယင်းနောက် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ဆွမ်ပရာဘွမ် အခြေခံပညာအထက်တန်းကျောင်းခွဲအတွက် ကက်ဆက်မိုက်ကရိုဖုန်းနှင့် အသံချဲ့စက်တို့ကို ကျောင်းအုပ်ကြီးအားပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆင့်တိုးမြှင့်ပေးခဲ့

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆွမ်ပရာဘွမ်မြို့

စာမျက်နှာ ၁၀ ကော်လံ ၁

31-12 (7).p65 1 3/24/05, 11:16 PM



တည်ဆောက်ဆဲလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းများ

စဉ်	စီမံကိန်းအမည်	တည်နေရာ	တပ်ဆင်စက်အင်အား မဂ္ဂါဝပ်	ပြီးစီးမည့်နှစ်
၁။	ပေါင်းလောင်း	ပျဉ်းမနားမြို့နယ်၊ မန္တလေးတိုင်း	၂ X ၇၀ = ၁၄၀	၂၀၀၃-၂၀၀၄
			၂ X ၇၀ = ၁၄၀	၂၀၀၄-၂၀၀၅
၂။	မုန်း	စေတုတ္တရာမြို့နယ်၊ မကွေးတိုင်း	၃ X ၂၅ = ၇၅	၂၀၀၃-၂၀၀၄
၃။	ကျိုင်းတောင်း	မိုးနဲမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)	၅၄	၂၀၀၅-၂၀၀၆
၄။	ရဲရွာ	ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်း	၁၉၅ X ၄ = ၇၈၀	၂၀၀၆-၂၀၀၇
၅။	ရွှေလီ	နမ့်ခမ်းမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)	၂၀၀ X ၂ = ၄၀၀	၂၀၀၆-၂၀၀၇
၆။	ခပေါင်း	တောင်ငူမြို့နယ်၊ ပဲခူးတိုင်း	၂ X ၁၅ = ၃၀	၂၀၀၄-၂၀၀၅
၇။	ဖြူးချောင်း	ဖြူးမြို့နယ်၊ ပဲခူးတိုင်း	၃ X ၂၁.၇ = ၆၅	၂၀၀၅-၂၀၀၆
၈။	ကွန်းချောင်း	ဖြူးမြို့နယ်၊ ပဲခူးတိုင်း	၃ X ၂၀ = ၆၀	၂၀၀၆-၂၀၀၇
၉။	ရွှေကျင်	ရွှေကျင်မြို့၊ ပဲခူးတိုင်း	၄ X ၁၈.၇၅ = ၇၅	၂၀၀၆-၂၀၀၇
၁၀။	ရဲနွယ်	ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်း	၂ X ၁၂.၅ = ၂၅	၂၀၀၄-၂၀၀၅
၁၁။	တီကျစ်	ပင်လောင်းမြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)	၂ X ၆၀ = ၁၂၀	၂၀၀၃-၂၀၀၄
		စုစုပေါင်းတပ်ဆင်အင်အား	၁၉၆၄ မဂ္ဂါဝပ်	



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်တွင် ၂၀၀၂ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်နေ့အထိ ကျင်းပခဲ့သော ထူးထူးခြားခြား စွမ်းဆောင်နိုင်သော လုပ်ငန်းများကို ရွေးချယ်ဆုချီးမြှင့်ပွဲ၌ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ရရှိသော လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားမှု ရွှေအာရှဆု (ထောင်စုနှစ်သစ်ဆု)။

မြန်မာ့လူမှုဘဝကို မြင့်မားတိုးတက်စေမည့် သဘာဝစွမ်းအင်အရင်းအမြစ်များ

ခမောင်မောင်ကျော်

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းသား ပြည်သူတို့၏ လူမှုဘဝမြင့်မားစေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် စွမ်းအင် သည် အဓိကအခန်းကဏ္ဍမှပါဝင်သည်။ စွမ်းအင်သည် ပြည်သူတိုင်း၊ စက်ရုံအလုပ်ရုံတိုင်းနှင့် ထိတွေ့ဆက်စပ်လျက် ရှိသည်။

ထို့ကြောင့် စွမ်းအင်များရရှိစေရန် လူတို့ကြိုးပမ်း ဆောင်ရွက်လျက် ရှိသည်။ စွမ်းအင်ကို လူသားများ နေထိုင်ရာ ကမ္ဘာကြီး၏ မြေအောက်နှင့် ရေအောက်မှ အများဆုံး ရရှိသည်။ မြန်မာ့မြေတွင် အဖိုးတန်သယံဇာတများ ထွက်ရှိသည်။ မြန်မာ့ရေ၊ မြေတွင် အဖိုးတန်အရင်းအမြစ် များစွာတည်ရှိနေ သည်။ ထိုအဖိုးတန်ရေမြေ သယံဇာတအရင်းအမြစ်များကို တပ်မတော် အစိုးရက နိုင်ငံတော်နှင့်ပြည်သူတို့၏အကျိုးအတွက် ရှာဖွေဖော်ထုတ် ပေးခဲ့သည်။

မြန်မာ့မြေသယံဇာတတွင် ရေနံပါဝင်သည်။ မြန်မာ့ရေနံအကြောင်း ကို ရေးသားရာတွင် သမိုင်းကြောင်းကို ပြန်လည်တင်ပြရန်လိုအပ် လာသည်။ မြန်မာနိုင်ငံတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့သည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ၊ တနင်္သာရီကမ်းရိုးတန်း၊ မြစ်ဝကျွန်းပေါ်ဒေသနှင့် ရခိုင်ကမ်းမြောင်ဒေသများတွင် ထွက်ရှိသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀၀ကျော်ကာလ ခရစ်နှစ် ၉၀၆ ခုနှစ်၊ မြန်မာသက္ကရာဇ် ၂၆၈ ခုနှစ် တွင် ရေနံချောင်းဒေသမှ ရေနံကို စတင်တူးဖော်ရရှိခဲ့ကြောင်း သမိုင်း မှတ်တမ်းများအရ သိရသည်။

ရေနံတွင်းများကို မြန်မာဘုရင်တို့က ပိုင်ဆိုင်ခဲ့ကြသည်။ ဒုတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲပြီးသည့်နောက် နယ်ချဲ့အရင်းရှင်တို့က မြန်မာ့ ရေနံတွင်းများနှင့် ရေနံထွက်လုပ်ငန်းအားလုံးကို လက်ဝါးကြီးအုပ် ချုပ်ကိုင်ခဲ့သည်။ အရင်းရှင်နယ်ချဲ့တို့ အကျိုးအမြတ် များစွာ ရရှိခဲ့သည်။ ဒုတိယကမ္ဘာစစ်ဖြစ်လာသောအခါ နယ်ချဲ့တို့သည် ရေနံမြေမှ ရေနံတွင်း များကို ဖောက်ခွဲဖျက်ဆီးပစ်ခဲ့ကြသည်။ မြေလှန်ဖျက်ဆီးသည့်စနစ်ကို ကျင့်သုံးခဲ့ကြခြင်းဖြစ်သည်။ စစ်အတွင်း၌ ဖက်ဆစ်များက ရေနံတွင်း အချို့ကို ပြန်လည်တူးဖော်လုပ်ကိုင်ခဲ့ကြသည်။

စစ်ပြီးခေတ်တွင် ဘီအိုစီကုမ္ပဏီသည် နယ်ချဲ့အစိုးရ နှင့်အတူ မြန်မာ့မြေပေါ်တွင် ခြေကုပ်ယူပြန်သည်။ ၁၉၆၃ ခုနှစ် ဇန်နဝါရီလ ၁၇ရက်နေ့တွင် ဘီအိုစီကုမ္ပဏီကို ပြည်သူပိုင် သိမ်းလိုက်သော အခါကျမှ သာလျှင် နှစ်ပေါင်းတစ်ရာမျှ မြန်မာ့အသွေးအသားကို စုပ်ယူခဲ့သော ဘီအိုစီနယ်ချဲ့အရင်းရှင်တို့၏ ဓာတ်လမ်းမှာ ဓာတ်သိမ်းခန်းရောက်ခဲ့ရ တော့သည်။

မြန်မာ့ရေနံသည် တစ်ချိန်သောအခါက နိုင်ငံခြားသို့ တင်ပို့ရောင်းချ လျက် နိုင်ငံခြားဝင်ငွေရရှိခဲ့သော်ငြားလည်း စစ်အတွင်းနယ်ချဲ့တို့၏ ယုတ်မာသော အကြံအစည်ဖြင့် ဖျက်ဆီးခဲ့ခြင်း၊ စစ်ပြီးခေတ်တွင် မြန်မာ့ရေနံတွင်းများ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးခဲ့ခြင်းတို့ကြောင့် လွတ်လပ်ရေးရရှိချိန်တွင် ရေနံထုတ်ယူရန်အတွက် အခက်အခဲများစွာ ဖြစ်ခဲ့ရသည်။

မြန်မာနိုင်ငံတွင် တစ်ချိန်က ရေနံအမြောက်အမြားထွက်ရှိခဲ့ပါလျက်၊ ရေနံတွေ့နိုင်သောမြေအနေအထား မြောက်မြားစွာရှိပါလျက် လုံလောက်စွာ မထုတ်လုပ်နိုင်သော အကြောင်းတရားများစွာနှင့် ရင်ဆိုင်ခဲ့ရသည်။ ထိုအကြောင်းတရားများကို ကျော်ဖြတ်နိုင်ရန်အတွက် တပ်မတော် အစိုးရသည် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ရေနံမြေသစ်များကို ရှာဖွေဖော်ထုတ်ခဲ့သည်။ မြေပြင်တွင်သာမက ရေပြင်တစ်ခွင်ကိုပါ ပိုက်စိတ်တိုက်ရှာဖွေခဲ့သည်။

တပ်မတော်အစိုးရသည် နိုင်ငံတော်၏တာဝန်များကို လွှဲပြောင်း ယူပြီးနောက် တိုင်းပြည်အေးချမ်းသာယာရေးကို ဦးစားပေးဆောင်ရွက်ခဲ့ သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဖြစ်ရေးကိုလည်း နေ့မအားညမနား ကြိုးပမ်းတည်ဆောက်ခဲ့သည်။ နိုင်ငံတော်၏ အန္တိမ ရည်ရွယ်ချက်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာရေးပင် ဖြစ်သည်။ ကမ္ဘာနှင့်ရင်ပေါင်တန်း နိုင်ခဲ့သည့် ခေတ်မီနိုင်ငံ ဖြစ်ရေးတွင် စွမ်းအင်ကဏ္ဍသည် အရေးပါလှ သည်။ တိုးတက်များပြားလာသော လူနေတိုက်တာအဆောက်အအုံများ နှင့် ကုန်ထုတ်လုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အား၊ စက်သုံးဆီ၊ ချောဆီများ တစ်နေ့တခြား ပိုမိုလိုအပ်လာသည်။ ထိုသို့သော လိုအပ်ချက် များကို စွမ်းအင်ဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့က အစွမ်းကုန် ဖြည့်ဆည်းပေးလျက်ရှိသည်။

လျှပ်စစ်စွမ်းအားကဏ္ဍတွင် ၁၉၈၈ ခုနှစ်တွင် လျှပ်စစ်ဓာတ်အား သုံးစွဲမှုဓာတ်အားယူနစ်သန်းပေါင်း ၂၂၂၆ ဒသမ ၄၅ သန်းသာ ရှိခဲ့ရာက ယခုအခါ ယူနစ်သန်းပေါင်း ၅၀၆၄ ဒသမ ၂၀ သန်း အသုံးပြုနိုင်နေပြီ ဖြစ်သည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအတွက် ရေအားလျှပ်စစ်စက်ရုံများ၊ ရေနွေးငွေ့သုံးစက်ရုံများ၊ သဘာဝဓာတ်ငွေ့သုံးစက်ရုံများ၊ ဒီဇယ်ဆီသုံး စက်ရုံများ တိုးချဲ့တည်ဆောက်နိုင်ခဲ့သည့်အတွက် စက်တပ်ဆင်မှု အင်အား မှာ ၁၉၈၈ ခုနှစ်က မဂ္ဂါဝပ် ၇၀၆ ဒသမ ၈၂ မဂ္ဂါဝပ်သာရှိခဲ့ရာမှ ယခု အခါ မဂ္ဂါဝပ် ၁၂၁၉ ဒသမ ၈၁ မဂ္ဂါဝပ်ရှိလာခဲ့ပြီ ဖြစ်သည်။

ထိုကဲ့သို့ လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်နိုင်ရန်အတွက် ရေအားလျှပ်စစ်စီမံကိန်း ၂၈ ခု၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံစီမံကိန်းခြောက်ခု တိုးတက်တည်ဆောက်ပေးခဲ့ပြီး ဖြစ်သည်။

မဂ္ဂါဝပ် ၂၈၀ ထုတ်လုပ်မည့် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၇၈၀ ထုတ်လုပ်မည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းများ အပါအဝင် လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်း ၁၁ ခုကို တည်ဆောက်နေပြီဖြစ် သည်။ ထိုစက်ရုံစီမံကိန်း ၁၁ ခု အကောင်အထည်ပေါ်လာသည့်အခါတွင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၉၆၄ ထပ်မံ ထွက်ရှိလာမည် ဖြစ်ပေ သည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့ ကဏ္ဍအနေဖြင့် လက်ရှိ ထုတ်လုပ် လျက်ရှိသော ရေနံမြေ၊ သဘာဝဓာတ်ငွေ့မြေများအပြင် ပခုက္ကူခရိုင် ပေါက်မြို့နယ် လက်ပံတို၊ မြိုင်မြို့နယ် ကျောက်ခွက်ရေနံမြေနှင့် ညောင်တုန်း ရေနံမြေဒေသများတွင် စီးပွားဖြစ် သဘာဝဓာတ်ငွေ့နှင့် ရေနံစိမ်းများ အောင်မြင်စွာ ထုတ်လုပ်လျက်ရှိသည်။

မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်းက ထုတ်လုပ်သော ရေနံစိမ်းများမှာ သန်လျင်က ရေနံစိမ်းစည် ၂၅၀၀၀၊ ချောက်က ရေနံစိမ်းစည် ၅၀၀၀၊ မန်း(သံပုရာကန်)က ရေနံစိမ်းစည် ၂၅၀၀၀ နှုန်းဖြင့် တစ်နေ့ စုစုပေါင်း ရေနံစိမ်းစည် ၅၅၀၀၀ ချက်လုပ်လျက်ရှိသည်။ ဓာတ်မြေသြဇာစက်ရုံ အနေဖြင့် စလေက ယူရီးယားမက်ထရစ်တန် ၂၁၅၊ စလေ(တိုးချဲ့)က ယူရီးယား မက်ထရစ်တန် ၂၆၀၊ ကျွန်းချောင်းက ယူရီးယား မက်ထရစ်တန် ၂၀၇၊ ကျော်စွာက ယူရီးယားမက်ထရစ်တန် ၆၀၀ ဖြင့် ယူရီးယားမက်ထရစ်တန် ၁၂၈၂ တန် ထုတ်လုပ်နိုင်လျက်ရှိသည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့စက်ရုံများတွင် မင်းဘူးက မက်ထရစ် တန်ပေါင်း ၃၀၀၀၀၊ သံပုရာကန်က မက်ထရစ်တန်ပေါင်း ၁၄၅၀၀၊ သန်လျင်ကမက်ထရစ်တန်ပေါင်း ၆၉၀၀ နှုန်းဖြင့် တစ်နှစ်တွင်စုစုပေါင်း မက်ထရစ်တန် ၅၁၄၀၀၊ ဆိပ်သာ မက်သနောစက်ရုံက တစ်ရက်လျှင် မက်ထရစ်တန်ပေါင်း ၄၅၀ ထုတ်လုပ်နိုင်စွမ်းရှိသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းသည် လွန်ခဲ့သည့် ၁၀ နှစ်တာကာလအတွင်း စွမ်းအင်ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု များစွာရရှိအောင် ကြိုးပမ်း စွမ်းဆောင်နိုင်ခဲ့ပေသည်။

စွမ်းအင်ကဏ္ဍ၏ ထူးခြားသည့် သမိုင်းမှတ်တိုင် တစ်ခုမှာ မြန်မာ နိုင်ငံမှ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်တွင် ၂၀၀၂ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်နေ့အထိ ကျင်းပခဲ့သော ထူးထူးခြားခြား စွမ်းဆောင်နိုင်သော လုပ်ငန်းများကို ရွေးချယ်ဆုချီးမြှင့်ပွဲ၌ **လုပ်ငန်း စွမ်းဆောင်ရည် မြင့်မားမှု ရွှေ အာရှဆု (ထောင်စုနှစ်သစ်ဆု)** ကို ဆွတ်ခူးရရှိခဲ့ခြင်း ဖြစ်ပေသည်။

မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်းသည် မြန်မာ့ ကမ်းလွန်ဒေသမှ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့များ အောင်မြင် စွာ ထုတ်လုပ် ရောင်းချနိုင်ခဲ့သည်။ ပြည်တွင်းတွင်လည်း ရေနံနှင့် သဘာဝဓာတ်ငွေ့များကို တိုးတက် ရှာဖွေထုတ်လုပ်ခြင်းတို့ကြောင့် ဤကဲ့သို့ ဆုချီးမြှင့်ခံရခြင်းဖြစ်ပေ သည်။

ဤသည်တို့ကား အလျှံပယ် ပေါများကြွယ်ဝသော မြန်မာ့ ရေ၊ မြေ၊ သဘာဝသယံဇာတများကို နိုင်ငံတော်နှင့် ပြည်သူတို့ အကျိုး အတွက် ကြိုးပမ်းဆောင်ရွက်မှုများ ပင်ဖြစ်သည်။ ထိုအောင်မြင်မှုများ သည် တိုးတက် များပြားလာသော ပြည်သူတစ်ရပ်လုံး၏ လူမှုဘဝကို တစ်ခေတ်ဆန်းစေမည့် စွမ်းအင် ကဏ္ဍ၏ သမိုင်းတစ်ခေတ်ကို ထင် ဟပ်လျက် ရှိပေသည်။ ။



ရှမ်းပြည်နယ်(မြောက်ပိုင်း) ... ဓာတ်အား မဂ္ဂါဝပ် ၄၀၀ ထုတ်လုပ်... လျှပ်စစ်စီမံကိန်း။

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြို ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ

ရေနံတွင်းအမှတ်(၁)

မကွေးတိုင်း ပခုက္ကူခရိုင် ပေါက်မြို့နယ်ရှိ သာကြီးတောင် ရေနံမြေနှင့် သဘာဝဓာတ်ငွေ့ မြေတွင် မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်းက ရေနံနှင့် ဓာတ်ငွေ့ တို့ကို တူးဖော် ထုတ် လုပ်လျက်ရှိရာ တူးဖော် ပြီးစီး သည့် ရေနံတွင်းအမှတ်(၁)ကို တွေ့ရစဉ်။ (ယာပုံ)



သန်လျင် သိုလှောင်ကန်များ

သန်လျင်မြို့နယ်ရှိ မြန်မာ့ ရေနံနှင့် သဘာဝ ဓာတ်ငွေ့ လုပ်ငန်း၏ သန်လျင်ဓာတ်ငွေ့ ရည် သိုလှောင်ကန်များ။

(အပေါ်ပုံ)

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့မြေများ

ရေနံမြေ	မြို့နယ်	တိုင်း
အရာတော်ရေနံမြေ	ပခုက္ကူ	မကွေး
ချောက်ရေနံမြေ	ချောက်	မကွေး
ရေနံချောင်းရေနံမြေ	ရေနံချောင်း	မကွေး
မန်းရေနံမြေ	မင်းဘူး–စကု	မကွေး
ထောက်ရှာပင်/ကမ်းနီရေနံမြေ	မင်းဘူး–စကု	မကွေး
ပက်ပယ်ရေနံမြေ	မင်းလှ	မကွေး
ရေနံမရေနံမြေ	မင်းလှ	မကွေး
ပြည်ရေနံမြေ	ရွှေတောင်	ပဲခူး
မြန်အောင်/ရွှေပြည်သာရေနံမြေ	မြန်အောင်	ဧရာဝတီ
အဖျောက်ရေနံမြေ	တိုက်ကြီး	ရန်ကုန်
ညောင်တုန်းရေနံမြေ	ညောင်တုန်း	ဧရာဝတီ
ကျောက်ခွက်ရေနံမြေ	မြိုင်	မကွေး
လက်ပံတိုရေနံမြေ	ပေါက်	မကွေး
သာကြီးတောင်ရေနံမြေ	ပေါက်	မကွေး
စပယ်တောင်ရေနံမြေ	ပခုက္ကူ	မကွေး

င်း) နမ့်ခမ်းမြို့နယ်တွင် လျှပ်စစ် ်လုပ်ဖြန့်ဖြူးနိုင်မည့် ရွှေလီ ရေအား



မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်း၏မကွေးတိုင်း မြိုင်မြို့နယ်ရှိ ကျောက်ခွက်- လက်ပံတို ရေနံနှင့် သဘာဝ ဓာတ်ငွေ့မြေ အဝင် မုခ်ဦးကို တွေ့ရစဉ်။ (အပေါ်ပုံ)

လျှပ်စစ်ဓာတ်အား ဖြည့် ဆည်း ပေး နိုင် ရေး အ တွက် တည် ဆောက် ထား သော ရန်ကုန်တိုင်း အလုံမြို့နယ်ရှိ စွန့်ပစ်အပူသုံးဓာတ်အားပေး စက်ရုံ။ (ယာပုံ)



ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒီဇင်ဘာ ၂၉ ရက်က ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့ မြို့နယ်ပြည်သူ့ဆေးရုံ ခုတင်(၅၀)ဆံ့ ဆေးရုံအဆောက်အအုံ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သားငါးပွံ့ဖြိုး ပြည်အကျိုး

လွတ်လပ်ရေးနေ့ကွန်ပျူတာပန်းချီပြိုင်ပွဲ ဆုရသူများစာရင်းထုတ်ပြန်ကြေညာ

ရန်ကုန် ဒီဇင်ဘာ ၃၀

၂၀၀၄ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပရေး ဆပ်ကော်မတီက လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်း အဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများကို ဒီဇင်ဘာ ၂၇ ရက်တွင် ကျင်းပခဲ့ရာ အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲမှ ပထမ၊ ဒုတိယ၊ တတိယ၊အထူးဆု အသီးသီး ရရှိကြသောကျောင်းသားကျောင်းသူများစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

အခြေခံပညာအထက်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် မရွှေရည်ဝင်း အ၄မတန်း အထက(၈) မော်လမြိုင်က ပထမ၊ မသရဖူအောင် အ၄မတန်း အထက(၁) လမ်းမတော်က ဒုတိယ၊ မောင်မြတ်ဇော်ဟိန်း န၀မတန်း အထက(၂) စစ်တွေက တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် မောင်အောင်ခန့်ဇော်န၀မတန်း အထက (၁) မြိတ်၊ မောင်ကောင်းပြည့်ဝင်း န၀မတန်း အထက(၂)ပုသိမ်၊ မောင်ချမ်းမြေ့စိုး န၀မတန်း အထက(၁) ဘားအံ၊ မောင်ကောင်းထက်ဟိန်း န၀မတန်း အထက(၂) ကျောက်မဲ၊ မောင်မျိုးလွင် အ၄မတန်း အထက(၂)မြစ်ကြီးနား၊ မောင်ကောင်းမြတ်ဦး အ၄မတန်း အထက ရွှေတောင်၊ မောင်ရန်နိုင်ဦး န၀မတန်း အထက(၁) တောင်တွင်းကြီး၊ မောင်ကျော်ကျော်လွင် န၀မတန်း အထက(၃) ပဲခူး၊ မောင်စွမ်းနိုင်အောင် န၀မတန်းအထက(၁) အောင်မြေသာစံ၊ မန္တလေး၊ မောင်အောင်သူပိုင် န၀မတန်းအထက(၂) လှိုင်ကော်၊ မောင်ဖွဲ့သူရထွန်း အ၄မတန်း အထက(၂) တောင်ကြီး၊ မမဲန်ဇိန် ဒသမတန်း အထက(၂)ဟားခါး၊ မောင်ညီညီဝင်း ဒသမတန်း အထက(၂)စစ်ကိုင်း၊ မောင်လော်ရီး န၀မတန်းအထက မိုင်းလား ကျိုင်းတုံ တို့က အသီးသီးရရှိကြသည်။

အခြေခံပညာအလယ်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် မောင်ဇောတိကမောင်မောင်မြင့် သတ္တမတန်း အထက(၃)ပဲခူးကပထမ၊ မောင်ကောင်းစည်သူ သတ္တမတန်း အထက(၃)ဒဂုံက ဒုတိယ၊ မောင်ရန်နိုင်ဦး သတ္တမတန်း အထက(၁)မြိတ်က တတိယ အသီးသီးရရှိကြသည်။ အထူးဆုများအဖြစ် မောင်ဝေလင်းထွန်း သတ္တမတန်း အထက(၆)ပုသိမ်၊ မောင်နိုင်အုပ်ကျော် ဆဋ္ဌမတန်း အလက(၄) မော်လမြိုင်၊ မောင်ကောင်းမြတ်ထူး ဆဋ္ဌမတန်း အထက(၂) စစ်တွေ၊ မောင်ဉာဏ်နိုင်ထွန်း သတ္တမတန်း အလက(၇) ချမ်းအေးသာစံ မန္တလေး၊ မောင်မင်းပြည့်စုံ သတ္တမတန်း အထက(၃)ပြည်၊ မောင်ပိုင်ညီညီသန့် ဆဋ္ဌမတန်း အထက(၁) ရွှေဘို၊ စိုင်းခေလိန် သတ္တမတန်း အထက(၁)လားရှိုး၊ မောင်ဇင်မင်းသန့် ဆဋ္ဌမတန်း အလက(၄) မြစ်ကြီးနား၊ မောင်အာကာဖြိုး သတ္တမတန်း အထက(၂) လှိုင်လင်၊ မောင်ခွာလ်ကိမ်းစန် သတ္တမတန်း အထက(၁) တီးတိန်၊ မောင်ဟန်ဇော်ထွန်း သတ္တမတန်း အလက(၃) သရက်၊ မခင်မြတ် မွန် ဆဋ္ဌမတန်း အထက(၄) ကျိုင်းတုံ၊ မောင်အောင်မြတ်မင်း သတ္တမတန်း အထက(၁)ဘားအံ၊ မောင်ဆုကျော်ဇူး သတ္တမတန်း အထက(၂) လှိုင်ကော် တို့က အသီးသီးရရှိကြသည်။

ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများအား ၂၀၀၄ ခုနှစ်၊ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာ စားပွဲတွင် အခမ်းအနားဖြင့် ဆုချီးမြှင့်မည်ဖြစ်ရာ အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့်ဆုရရှိသူများသည် အထက(၁) စမ်းချောင်း ရန်ကုန်မြို့သို့ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် မပျက်မကွက် ကိုယ်တိုင် လာရောက်သတင်းပို့ဆက်သွယ်ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၇ မှ

အခြေခံပညာအထက်တန်းကျောင်းခွဲသို့ ရောက်ရှိကြပြီး မူလကျောင်း အဆောက်အအုံ၏ အခြေအနေကို လှည့်လည်ကြည့်ရှုကာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောင်းအဆောက်အအုံသစ် ဆောက်လုပ်ရေး စီစဉ် ဆောင်ရွက်ပေးပြီး အခြေခံပညာ အထက်တန်းကျောင်း အဆင့် တိုးမြှင့်ပေးခဲ့သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆွမ်ပရာဘွမ်မြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ခုတင်(၅၀)ဆံ့ ဆေးရုံအဆောက်အအုံသစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မြစ်ကြီးနားမြို့သို့ ရောက်ရှိကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ရှိ ဓမ္မရက္ခိတ ဝန်းသိုကျောင်းတိုက်သို့ သွားရောက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သီလဝံသ အမှူးပြုသော မြစ်ကြီးနားမြို့ ပေါ်ရှိ ကျောင်းတိုက်များမှဆရာတော်ကြီးများအား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားတက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ်ဦးသင်းလှိုင်နှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ကထိက၊ လက်ထောက်ကထိကများနှင့် ဆရာဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် တက္ကသိုလ်ခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ပါမောက္ခချုပ် ဦးသင်းလှိုင်က မြစ်ကြီးနားတက္ကသိုလ်၏ သင်ကြား စီမံကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးညွန့်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြစ်ကြီးနားတက္ကသိုလ်၏ တည်ဆောက်ရေးလုပ်ငန်းများ၊ ဝန်ထမ်းရေးရာ ကိစ္စရပ်များကို စီစဉ်ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ မလိခရိပ်သာသို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်အစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၀

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီ အစည်းအဝေး (၁၂/၂၀၀၃)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန် အဆောက်အအုံ ဒုတိယထပ်ရှိ အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)နှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များ တက်ရောက်ကြပြီး သဘာပတိအဖြစ် ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ (ရွှေစွန်ညို)က ဆောင်ရွက်သည်။

တင်ပြ

ရှေးဦးစွာ သဘာပတိက အမှာစကားပြောကြားပြီး အဖွဲ့ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း–တွံတေး)က ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေး(၁၁/၂၀၀၃)၏ ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုကို တင်ပြသည်။

ဆက်လက်၍ ရုံးအဖွဲ့၊ စည်းရုံးရေးလုပ်ငန်းအဖွဲ့၊ ဘဏ္ဍာရေးအဖွဲ့၊ စာအုပ်ထုတ်ဝေရေးနှင့် ဟောပြောဆွေးနွေးလေ့လာရေးလုပ်ငန်းအဖွဲ့၊ ရန်ပုံငွေရှာဖွေရေးလုပ်ငန်းအဖွဲ့၊ သက်သာချောင်ချိရေးလုပ်ငန်းအဖွဲ့၊ နိုင်ငံတကာဆက်သွယ်ရေးလုပ်ငန်းအဖွဲ့နှင့် စာပေရန်ပုံငွေကြီးကြပ်ရေးလုပ်ငန်းအဖွဲ့တို့၏ ခေါင်းဆောင်များက လုပ်ငန်း ဆောင်ရွက်ထားမှုများကို တင်ပြကြပြီး တက်ရောက်လာကြသည့် ဗဟိုအမှုဆောင်ကော်မတီဝင်များက အကြံပြု ဆွေးနွေးကြ၍ သဘာပတိက ၂၀၀၄ ခုနှစ် ဇွန်လတွင်ကျင်းပရန်ရှိသည့် တတိယအကြိမ်ညီလာခံဗဟိုဦးစီးအစည်းအဝေးကို စနစ်တကျပြင်ဆင်ပြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် နှိုးဆော်ကာ နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုင်းဖြတ်မြို့တွင်ဘိန်းဖြူ ၃၆ကီလိုကျော်ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် ဒီဇင်ဘာ ၃၀

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်(အထူး)တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၃ ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့၊ ပူးပေါင်း စစ်ဆေးရေးဂိတ်၌ တန့်ယန်းမြို့ လော်စီတုံးကျေးရွာအုပ်စု နောင်ဖာရပ်ကွက်နေ ဦးဆွမ်တောင်၏သား ညီနပ်(ခ)အိုက်ရှဲန် မောင်းနှင်ပြီး တန့်ယန်းမြို့ မိုင်းဝ ကျေးရွာအုပ်စု ထပ်ကတုံးကျေးရွာနေ ဦးအိုက်ဆန်း၏သား ညီကားလိုက်ပါလာသော တိုယိုတာဟိုင်းလတ်(အဖြူ ရောင်)ယာဉ်ကို သတင်းအရရပ်တန့် ရှာဖွေစစ်ဆေးစဉ် ညီကားမှာထွက်ပြေး လွတ်မြောက်သွားပြီး ယာဉ်မောင်းဖြစ်သူ ညီနပ်(ခ)အိုက်ရှဲန်အား ယာဉ်၏ ကိုယ်ထည်အတွင်း ဝှက်သွင်းသယ်ဆောင်လာသော ဘိန်းဖြူဘလောက်တုံး ၁၁၀ တုံး စုစုပေါင်းအလေးချိန် ၃၆ ဒသမ ၆၃ ကီလိုဂရမ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့နောက် ပူးပေါင်းအဖွဲ့သည် ထွက်ပြေးလွတ်မြောက်သွားသူ ညီကားအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၄ရက်တွင် ကျိုင်းတုံမြို့အနီး ဆွတ်ပလောင်ကျေးရွာအထွက်၌ ပြန်လည်ဖမ်းဆီးရမိခဲ့သည်။ အဆိုပါ ဖမ်းဆီးရမိတရားခံများနှင့် မူးယစ်ဆေးဝါးများအား သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုန်အမှတ်တံဆိပ်ပြောင်းလဲခြင်းရှင်းလင်း

ရန်ကုန် ဒီဇင်ဘာ ၃၀

Matsushita Electric Industrial Co.,Ltd. (Myanmar Representative Office)မှ ကြီးမှူးကျင်းပသော National လျှပ်စစ်ပစ္စည်းအားလုံးကို Panasonicအမှတ်တံဆိပ် ပြောင်းလဲရခြင်းအကြောင်း အရောင်းကိုယ်စားလှယ်ကြီးများအား ရှင်းလင်းတင်ပြပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် ၎င်းရုံးခန်းတည်ရှိရာ၌ ကျင်းပရာ အရောင်းကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

၎င်းအခမ်းအနားတွင် Chief Representative ဦးကျော်ကျော်က ရှင်းလင်းပြောကြားရာတွင် Electric Industrial Co.,Ltd. မှ ထုတ်လုပ်သည့် ကမ္ဘာတစ်ဝန်းလူသိများ ထင်ရှားခဲ့သော Nationalအမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ခဲ့သော လူသုံးနှင့် အိမ်သုံးကုန် လျှပ်စစ်ပစ္စည်းအားလုံးကို Panasonic အမည်ဖြင့် ပြောင်းလဲထုတ်လိုက်ပြီဖြစ်ကြောင်းနှင့် National နှင့် Panasonic ပစ္စည်းများကို တံဆိပ်တစ်ခုတည်း ပေါင်းစည်းရေး လုပ်ငန်းလေးရပ်မှာ ရင်းနှီးမြှုပ်နှံရာတွင် ထိရောက်မှုအများဆုံးရှိစေရန် Panasonic ပစ္စည်းများကို နာမည်ပိုမိုလူသိများစေရေးအတွက် ငွေအရင်းအနှီးများစွာ စိုက်ထုတ်ရန်၊ တစ်မျိုးတည်းပေါင်းစည်းလိုက်သော အရည်အသွေး ကောင်းမွန်လာသည့် Panasonic ပစ္စည်းများကို တစ်ကမ္ဘာလုံးသို့ တင်ပို့ ရောင်းချရန်၊ ခိုင်ခံ့ကောင်းမွန်သော ပစ္စည်းများ ထုတ်လုပ်ရန်၊ ၎င်းပစ္စည်းများ ရောင်းချရေးအတွက် သက်ဆိုင်ရာ ဒေသများ ဈေးကွက်များနှင့် ပူးပေါင်း ဆောင်ရွက်ပြီး ရောင်းအားမြှင့်တင်ရန် စသည်တို့ဖြစ်ကြောင်း ရှင်းလင်းပြောကြားသွားသည်။

(က–ပ)

သာယာမည်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ကြိုးကြံချွေတာ ထိန်းပါလေလွင့် ထုတ်ကုန်မြှင့်

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း အင်းတကော်စက်မှုနယ်မြေရှိ အမှတ်(၂) စက်မှု ဝန်ကြီးဌာန၏ လက်တွန်းထွန်စက် အင်ဂျင်စက်ရုံ ကမ္ဗည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

■ *ကျောက်ဖုံးမှ*

အခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကို၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဒုတိယဝန်ကြီးများ၊ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပဲခူးတိုင်းမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ဖွင့်ပွဲ အစီအစဉ်များကို ရှေးဦးစွာ ရေဒီယေတာ အလုပ်ရုံ၌ ကျင်းပရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က ပဲခူးမြို့နယ် အင်းတကော်စက်မှုနယ်မြေ၌အမှတ်(၂) စက်မှုဝန်ကြီးဌာနက လယ်ယာသုံး စက်ပစ္စည်းစက်ရုံများ၊ မော်တော်ယာဉ်သုံး စက်ပစ္စည်းစက်ရုံများ၊ အလူမီနီယံဝါယာကြိုးစက်ရုံ၊ ဘောဘယ်ယာရင်စက်ရုံများ တည်ဆောက်ပြီးစီးမှု၊ စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု၊ စက်ရုံ၊အလုပ်ရုံအလိုက် စက်ပစ္စည်းများ ထုတ်လုပ်မည့် အခြေအနေများ၊ နောင်တိုးချဲ့ဆောင်ရွက်မည့်စက်ရုံ စီမံကိန်းများနှင့် ဝန်ထမ်းအင်အားဆိုင်ရာများ၊ အင်းတကော်စက်မှုနယ်မြေစိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

စနစ်တကျလေ့လာ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွေးနွေးမှာကြားရာ၌ အမှတ်(၂)စက်မှုဝန်ကြီးဌာနက ယခုကဲ့သို့ အဆင့်မြင့်စက်ရုံများ ထူထောင်နိုင်ခြင်းဖြင့် နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို ပိုမို အရှိန်အဟုန် ရရှိစေကြောင်း။

နိုင်ငံတော်ပိုင် စက်မှုကဏ္ဍသာမက ပုဂ္ဂလိက စက်မှုကဏ္ဍပါ အရှိန်အဟုန်ဖြင့် တိုးတက်ရန် အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးသော လေ့လာမှု အစီအစဉ်အရ ပုဂ္ဂလိက စက်မှုဇုန်များမှ လုပ်ငန်းရှင်များသည် နိုင်ငံပိုင် စက်ရုံများကို စနစ်တကျ လိုက်လံလေ့လာလျက် ရှိကြကြောင်း။

ရလဒ်ကောင်းများပေါ်ထွက်

လေ့လာမှု အစီအစဉ် ပြီးဆုံးသည့်အခါ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံပိုင် စက်ရုံများနှင့် စက်မှုဇုန်များအကြား အပြန်အလှန် ဆက်စပ်ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် အလုပ်ရုံဆွေးနွေးပွဲများကို ဆက်လက်ပြုလုပ်သွားမှာဖြစ်၍ အဓိပ္ပာယ်ပြည့်ဝသော ရလဒ်ကောင်းများ ပေါ်ထွက်လာမှာ ဖြစ်ကြောင်း။

စက်မှုဇုန်တာဝန်ခံများဖြစ်သည့် သက်ဆိုင်ရာ ဝန်ကြီး၊ ဒုတိယဝန်ကြီးများက စက်မှုဇုန်အလိုက် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားရုံသာမက အဆင့်ဆင့်ဖွဲ့စည်းထားသော စက်မှုဆိုင်ရာကော်မတီများကလည်း ပိုမိုညှိနှိုင်းဆက်စပ် အထောက်အကူပြုနိုင်ရန်လိုကြောင်း။

ပံ့ပိုးကူညီ

အထူးသဖြင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနသည် နိုင်ငံတော်ကို စက်မှုနိုင်ငံတော်အဖြစ် ထူထောင်ရာ၌ အဓိက တာဝန်ယူရမည့် ဝန်ကြီးဌာနဖြစ်သည့်အလျောက် ပုဂ္ဂလိက စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ဦးရွက်ပြု၍ လိုအပ်သည်များကို ပံ့ပိုးကူညီစောင့်ရှောက်သွားရမှာ ဖြစ်ကြောင်း။

ယခုအခါ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော စီးပွားရေး၊ လူမှုရေးနှင့် လမ်းပန်း ဆက်သွယ်ရေးဆိုင်ရာအခြေခံအဆောက်အအုံများကို ပြည့်စုံလုနီးပါး ထူထောင်ပြီးဖြစ်၍ စက်မှုကဏ္ဍအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေပြီဖြစ်ကြောင်း။

ဝိုင်းဝန်းအားထည့်လုပ်ကိုင်

ထို့ကြောင့် မိမိတို့တာဝန်ရှိသူများရော၊ ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များကပါ ၂၀၀၄–၂၀၀၅ ခုနှစ်ကို စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် စတင်မြင့်တင်သည့်နှစ်ဟု သတ်မှတ်ခံယူပြီး ဝိုင်းဝန်းအားထည့် လုပ်ကိုင်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း ဖြင့်မှာကြားသည်။

အတွင်းရေးမှူး(၁) ဖွင့်လှစ်

ထို့နောက် လက်တွန်းထွန်စက် အင်ဂျင်စက်ရုံ ဖွင့်ပွဲအခမ်းအနားကို လက်တွန်းထွန်စက်အင်ဂျင်စက်ရုံရှေ့၌ကျင်းပရာ လက်တွန်းထွန်စက် အင်ဂျင်စက်ရုံ၊ သံရည်ကျိုအလုပ်ရုံနှင့် ဘောဘယ်ယာရင်အလုပ်ရုံတို့၏ ကမ္ဗည်းမော်ကွန်းကို စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်နှင့် China National Complete Plant Export & Import Corporation Group (Complant)ဌာနေကိုယ်စားလှယ် Mr.Liu Xiao Nan တို့က စက်ရုံကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် လက်တွန်းထွန်စက် အင်ဂျင်နမူနာနှင့် အင်ဂျင်၏ စက်ပစ္စည်းအစိတ်အပိုင်းများ ပြသထားမှုများ၊ ရော(၁) လက်တွန်းထွန်စက်များနှင့် ထွန်စက်ငယ်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ လက်တွန်းထွန်စက် အင်ဂျင်စက်ရုံ၏ လုပ်ငန်းအလိုက် စက်ပစ္စည်းများ ထုတ်လုပ်မှုအခြေအနေများ၊ Machining Centre Room ၏လုပ်ငန်းများ၊ Engine Assembly Line ၏လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လက်တွန်းထွန်စက် အင်ဂျင်စက် စမ်းသပ်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးဗိုလ်ချုပ်စောလွင်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် စက်ရုံ၏ မာရှိန်ပြောင်းအလုပ်ရုံ(Heat Treatment Shop)လုပ်ငန်းများကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။

ထွန်စက်အစီး ၃၀၀၀ ထုတ်မည်

လက်တွန်းထွန်စက်အင်ဂျင်စက်ရုံက မြင်းကောင်ရေ ၁၈ ကောင်ရှိ လက်တွန်းထွန်စက် အင်ဂျင်တစ်နှစ် အလုံး ၃၀၀၀ နှင့် လက်တွန်းထွန်စက် တစ်နှစ်အစီး ၃၀၀၀ ထုတ်လုပ်သွားမည်ဖြစ်သည်။

ထို့နောက် သံရည်ကျိုအလုပ်ရုံ ဖွင့်ပွဲကို အဆိုပါအလုပ်ရုံရှေ့၌ ကျင်းပရာ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိမ်းနှင့် Angelique International Limited ဒုတိယဥက္ကဋ္ဌ (Vice President) Mr. M.P. Gupta တို့က အလုပ်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အလုပ်ရုံဆိုင်းဘုတ်ကို အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် သံရည်ကျိုအလုပ်ရုံ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဘောဘယ်ယာရင်အလုပ်ရုံဖွင့်ပွဲကို အဆိုပါအလုပ်ရုံ၌ ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိမ်းနှင့် (Vice President) Mr. M.P. Gupta တို့က အလုပ်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အလုပ်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဘောဘယ်ယာရင် နမူနာများ၊ အလုပ်ရုံ၏စက်ပစ္စည်းများ၊ ဘောဘယ်ယာရင်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

စက်ရုံ၊ အလုပ်ရုံဖွင့်ပွဲများ အပြီးတွင်စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် အင်းတကော်စက်မှုနယ်မြေရှိ အလူမီနီယံ ဝါယာကြိုး(Aluminium Conductor Steel Reinforced Cable) အလုပ်ရုံတည်ဆောက်ရေးလုပ်ငန်းများ၊အလုပ်ရုံတွင် စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

အမှတ်(၂)စက်မှုဝန်ကြီးဌာနသည် ပဲခူးမြို့နယ် အင်းတကော်ဒေသ၌ မြေဧက ၄၀၀ ခန့်ရှိသော အင်းတကော် စက်မှုနယ်မြေအဖြစ် သတ်မှတ်ထူထောင်ပြီး စက်ရုံ၊ အလုပ်ရုံများကို တည်ဆောက်လျက်ရှိသည်။ **(သတင်းစဉ်)**

သံရည်ကျိုအလုပ်ရုံ

အင်းတကော်စက်မှုနယ်မြေရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ သံရည်ကျိုအလုပ်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

ဘောဘယ်ယာရင်အလုပ်ရုံ

အင်းတကော်စက်မှုနယ်မြေရှိ အမှတ် (၂) စက်မှုဝန်ကြီးဌာန၏ ဘောဘယ်ယာရင် အလုပ်ရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

လူငယ်သင်တန်းကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ ဝန်ကြီးဗိုလ်ချုပ်စိန်ထွား ကြည့်ရှုအားပေး

ရန်ကုန် ဒီဇင်ဘာ ၃၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ လူငယ်သင်တန်းကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားပြိုင်ကွင်း၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက်ကြည့်ရှုအားပေးပြီး ဆုရရှိသောအသင်းများအား ဆုများကို ချီးမြှင့်သည်။

ရှေးဦးစွာ အားကစားပြိုင်ပွဲမစတင်မီ စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက ပန်းဖွားအကနှင့် ဘင်ခရာတီးဝိုင်းဖြင့် ဖျော်ဖြေကြပြီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကျိုက်ဝိုင်းလူငယ် သင်တန်းကျောင်းအသင်းနှင့် ကမာစွဲလူငယ် ဖွံ့ဖြိုးရေးပရဟိတဂေဟာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကမာစွဲလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ထို့နောက်ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ဘောလုံးပြိုင်ပွဲ တတိယဆုရကမ္ဘာအေးလူငယ်သင်တန်းကျောင်း၊ ဒုတိယဆုရ ကျိုက်ဝိုင်းလူငယ် သင်တန်းကျောင်းနှင့် ပထမဆုရ ကမာစွဲလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအသင်းတို့အား လည်းကောင်း၊ အကောင်းဆုံးဘောလုံးသမားဆုရ ကမာစွဲလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအသင်းမှ မောင်မျိုးအောင်အား လည်းကောင်း ဆုများကိုချီးမြှင့်သည်။

ဆုချီးမြှင့်

ဆက်လက်၍လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၏ ဇနီး ဒေါ်ခင်အေးက အမျိုးသမီးဘော်လီဘောပြိုင်ပွဲ၌ ဒုတိယဆုရ ရန်ကုန်အမျိုးသမီးကလေးသင်တန်းကျောင်းနှင့် ပထမဆုရ ရန်ကုန်အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဌာန အသင်းတို့အား လည်းကောင်း၊ အကောင်းဆုံးဘော်လီဘော အားကစားသမားဆုရ ရန်ကုန်အမျိုးသမီးကလေး သင်တန်းကျောင်းမှ မလုရီအား လည်းကောင်း ဆုများကိုချီးမြှင့်သည်။

ဂုဏ်ပြုလက်ဆောင်

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က အားကစားပြိုင်ပွဲများတွင် ပါဝင်ကူညီသော ဒိုင်အဖွဲ့ဝင်များ၊ ဘင်ခရာတပ်ဖွဲ့၊ အားကစားပြိုင်ပွဲ၌ ကူညီပံ့ပိုးခဲ့ကြသော အလှူရှင်ကုမ္ပဏီများနှင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ဘောလုံးနှင့် ဘော်လီဘော အားကစားအသင်းများအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုလက်မှတ်များကို ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်

(က) နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ပြပွဲ

နေ့ရက် – ၃–၁–၂၀၀၄ မှ ၁၁–၁–၂၀၀၄

အချိန် – နံနက်(၀၉း၀၀)နာရီမှ ညနေ(၁၇း၀၀) နာရီ

နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

မည်သူမဆိုအခမဲ့လာရောက်ကြည့်ရှုနိုင်ပါသည်။

● ကျောဖုံးမှ

ကြိုးပမ်းမှုသမိုင်းနှင့်အတူ မြန်မာ့ရုပ်ရှင်သည် ရှင်သန်ပေါက်ဖွားလာခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ မြန်မာ့ရုပ်ရှင်၏ အဦးအစ အသံတိတ်ခေတ်ကပင် အမျိုးသားရေးကို နိုးကြားစေသော ဇာတ်လမ်းများ၊ မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းမှုများကို နယ်ချဲ့အစိုးရ၏ ဖိနှိပ်မှုအောက်၌ပင် ခက်ခဲစွာ ဖန်တီးရိုက်ကူးပြသခဲ့ကြသည်။

မြန်မာ့ရုပ်ရှင်သည် ယင်းကဲ့သို့ အခက်အခဲအမျိုးမျိုးကြားနှင့်အသံတိတ် တေးသံစုံ၊ အသံထွက်၊ ဆေးရောင်စုံ၊ မြင်ကွင်းကျယ် စသည့် တိုးတက်အောင်မြင်မှုအဆင့်ဆင့်ကို တစ်ဆင့်ပြီး တစ်ဆင့် ဖွဲ၊ လုံ့လ ကြီးမားစွာဖြင့် ဖြတ်သန်းရင်း ယနေ့ မြန်မာ့ရုပ်ရှင် အဆင့်အတန်းသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်ပေသည်။

မြန်မာ့ရုပ်ရှင်ဇာတ်ကားများစတင်ရိုက်ကူးထုတ်လုပ်ပြီး ၁၀ နှစ်အကြာ ၁၉၂၈ ခုနှစ် တစ်ပိုက်တွင် မြန်မာဇာတ်ကားများဖြစ်သော နန်းညွှန့်ရင်၊ မြဒါလီ၊ စွယ်တော်သမိုင်း၊ ဂျပန့်ရင်သွေးနှင့် လေးလရာသီ ဂျပန်ပြည်၊ အရိန္ဒမာ၊ မြိုင်ယံဘွား၊ သူရိယကုမ္မာ၊ မဟေသီ၊ မြဂနိုင်၊ ရွှေနှင်းဆီ၊ ဝေဘာဂီ၊ မြစိမ်းတောင် ဇာတ်ကားများမှာ အင်္ဂလန်၊ ထိုင်းနှင့် အိန္ဒိယနိုင်ငံများသို့ပင် ခရီးပေါက်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးခေတ်နောက်ပိုင်း ရိုက်ကူးသော သူချစ်၊ ဘဝသံသရာ၊ ငဘ ဇာတ်ကားများကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရပြီး တရုတ်ဘာသာဖြင့် ပြသခဲ့ရသည်အထိ အောင်မြင်ခဲ့သည်။ ချစ်ပန်းသဇင်နှင့် ငဘ ဇာတ်ကားကို ရုရှားသို့ပင်တင်ပို့ခဲ့ရပြီး နိုင်ငံတကာရုပ်ရှင်ပွဲတော်များတွင် အကျော်အမော်၊ သည်ဆောင်းဟေမာန်၊ ရတနာပုံ၊ ရွှေချည်ငွေချည်တန်းပါလို့၊ ဒိုး၊ စုန်ရေ၊ ဒဏ္ဍာရီ၊ သကြြန်မိုး၊ ပုဂံမှာသာတဲ့လ ဇာတ်ကားများ တင်သွင်းပြသခဲ့ကြရသည်။

ပြည်ပသို့တင်ပို့

မြန်မာ့ရုပ်ရှင် နယ်ပယ်တွင် ရုပ်ဝတ္ထုပစ္စည်းနှင့် နည်းပညာ၊ ရုပ်ရှင်အတတ်ပညာ ချို့တဲ့ခဲ့သည့် ထိုခေတ်ကာလများမှာပင် မြန်မာဇာတ်ကားများကို ပြည်ပသို့တင်ပို့ခဲ့ရသည်အထိ အောင်မြင်မှု ရရှိခဲ့ကြသည်။

ယင်းသို့ အောင်မြင်မှုရရှိရန် မြန်မာ့ရုပ်ရှင် အနုပညာရှင်ကြီးများကလည်း အရည်အသွေးမီ အနုပညာလက်ရာမြောက်စွာ ကြိုးပမ်းဖန်တီးတင်ဆက်နိုင်ခဲ့ကြသည်။

မြန်မာ့ရုပ်ရှင် လောကတွင် ၁၉၅၂ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ၄၉ နှစ်တာ ကာလအတွင်း ထူးထူးခြားခြား မြန်မာ့ရုပ်ရှင်ထူးချွန်ဆုခြောက်ကြိမ် (ဒါရိုက်တာဆု) ချီးမြှင့်ခြင်း ခံရသူမှာ ဒါရိုက်တာ ဆရာကြီး ဦးသုခ ဖြစ်သည်။ ဦးသုခသည် ၁၉၅၄ ခုနှစ်တွင် သြော်မိန်းမ၊ ၁၉၅၆ ခုနှစ်တွင် ဘဝသံသရာ၊ ၁၉၆၈ ခုနှစ်တွင် စကားပြောသော အသည်းနှလုံး၊ ၁၉၇၀ ပြည့်နှစ်တွင်ကျွန်မမှာမိန်းမသား၊ ၁၉၇၃ ခုနှစ်တွင် ဘယ်သူပြိုင်လို့လုပါတော့နိုင်နှင့် ၁၉၇၅ ခုနှစ်တွင် ရွှေချည်ငွေချည်တန်းပါလို့ ဇာတ်ကားများဖြင့် ရုပ်ရှင်ထူးချွန်ဆု ဆွတ်ခူးနိုင်ခဲ့သည်။

ဆုစုစုပေါင်း

၁၉၅၂ ခုနှစ်မှ ၂၀၀၁ ခုနှစ်အတွင်း နိုင်ငံတော်က ချီးမြှင့်ခဲ့သည့် ရုပ်ရှင်ထူးချွန်ဆုများကို ပညာပိုင်းအလိုက်ကြည့်လျှင် ဇာတ်ကားဆု ၃၃ ဆု၊ ဒါရိုက်တာဆု ၃၂ ဆု၊ အမျိုးသား ဇာတ်ဆောင်ဆု ၃၄ ဆု၊ အမျိုးသမီးဇာတ်ဆောင်ဆု ၄၃ ဆု၊ အမျိုးသားဇာတ်ပို့ဆု ၂၈ ဆု၊ အမျိုးသမီးဇာတ်ပို့ဆု ၃၂ ဆု၊ ရုပ်ရှင်ဓာတ်ပုံဆု ၃၅ ဆု၊ ရုပ်ရှင်တေးဂီတဆု ငါးဆု၊ ရုပ်ရှင်အသံဆု နှစ်ဆု၊ ရုပ်ရှင်ဇာတ်ညွှန်းဆု လေးဆု၊ တည်းဖြတ်ဆု တစ်ဆုနှင့် အထူးဆု လေးဆု အပါအဝင် ဆုပေါင်း ၂၅၄ ဆု ချီးမြှင့်နိုင်ခဲ့ပြီးဖြစ်သည်။

တိုးမြှင့်ချီးမြှင့်

နိုင်ငံတော်အစိုးရအနေဖြင့် ၁၉၈၈ ခုနှစ်မှစ၍ ရုပ်ရှင်ထူးချွန်ဆု အမျိုးအစား ခုနစ်ဆု ရွေးချယ်ချီးမြှင့်ခဲ့ရာမှ ၁၁ ဆုအထိ တိုးမြှင့်ချီးမြှင့်ခဲ့သည်။ ၂၀၀၁ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် အကောင်းဆုံး ထူးချွန်ဆုများအဖြစ် ပြက္ခဒိန်နှစ်အတွင်း ပြသသော ဇာတ်ကား ၁၉ ကားအနက်မှ နှလုံးလှ လူမိုက်ဇာတ်ကားဖြင့် မင်းမော်ကွန်းနှင့်ပန်းတစ်ပွင့်ဖန်ဆင်းခြင်း ဇာတ်ကားဖြင့် လွင်မိုးတို့က အကောင်းဆုံး အမျိုးသား ဇာတ်ဆောင်ဆုကို ရရှိခဲ့ကြသည်။ အမျိုးသမီး ဇာတ်ဆောင်ဆုအတွက် ချစ်ခြင်း၏အခြားမဲ့၌ ဇာတ်ကားဖြင့် မေသန်းနုနှင့် သမီးမိုက် ဇာတ်ကားဖြင့် ထက်ထက်မိုးဦးတို့က ရရှိခဲ့ကြသည်။အမျိုးသားဇာတ်ပို့ဆုကို နှလုံးလှ လူမိုက် ဇာတ်ကားဖြင့် နေအောင်က ရရှိပြီး အမျိုးသမီးဇာတ်ပို့ဆုကို နှလုံးလှ လူမိုက် ဇာတ်ကားဖြင့်ပင် မေသဉ္ဇာဦးက ရရှိပြီး အချစ်ကိုမွေးဖွားခြင်း ဇာတ်ကားဖြင့် စိုးမြတ်နန္ဒာက ပူးတွဲရရှိသည်။ ၂၀၀၁ ခုနှစ်အတွက် ဇာတ်ကားဆုမှာလည်း နှလုံးလှလူမိုက် ဇာတ်ကားဖြစ်ပြီး ဒါရိုက်တာဆုကိုလည်း နှလုံးလှလူမိုက် ဇာတ်ကား ရိုက်ကူးတင်ဆက်သူ ဒါရိုက်တာ မောင်တင်ဦးကပင် ရရှိသည်။ ဇာတ်ညွှန်းဆုကို ခင်လေးသိမ့်က ပန်းတစ်ပွင့် ဖန်ဆင်းခြင်း ဇာတ်ကားဖြင့် ရရှိပြီး ဓာတ်ပုံဆုကို ကောင်းကင်ထက်က ပန်းတစ်ပွင့် ဇာတ်ကားဖြင့် ကိုကိုဌေးက ဆွတ်ခူး ရရှိခဲ့သည်။

နည်းပညာ

ယနေ့ကမ္ဘာတွင် နည်းပညာများ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ရုပ်ရှင်အနုပညာပိုင်းသည်လည်း လိုက်လျောညီထွေ တိုးတက်လာရန် လိုအပ်မည်ဖြစ်ပါသည်။ မြန်မာ့ရုပ်ရှင်အနုပညာရှင်များ အနေဖြင့် လက်ရှိ နည်းပညာ၊ အတတ်ပညာ အဆင့်အတန်းမျှဖြင့် ကျေနပ်ရောင့်ရဲ တင်းတိမ်နေမည်ဆိုပါက မြန်မာ့ရုပ်ရှင်မှာ နိုင်ငံတကာသို့ ထိုးဖောက်နိုင်ရန် ခဲယဉ်းနိုင်သည်။ မြန်မာ့ရုပ်ရှင် အနုပညာရှင်များ အနေဖြင့် အတတ်ပညာ၊ နည်းပညာ တီထွင်ဆန်းသစ်မှုများ၊ အနုပညာ အရည်အသွေးများကို ယခုထက် တိုးချဲ့ဆည်းပူးဆပ္ပားနိုင်ပါမှ ခေတ်ကိုအမီလိုက်နိုင်ပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း နိုင်ကြမည်ဖြစ်သည်။

နိုင်ငံအကျိုးပြု

နိုင်ငံနှင့် လူမျိုး အကျိုးစီးပွားအတွက် သမိုင်းစဉ်တစ်လျှောက် မိမိတတ်ကျွမ်းသည့် အနုပညာဖြင့် အလုပ်အကျွေးပြုနေကြသော ရုပ်ရှင်အနုပညာရှင်များကို နိုင်ငံတော်က အားပေးကာ ထူးချွန်ဆုများ ချီးမြှင့်ပေးနေခြင်းသည် မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်မားရေးနှင့် နိုင်ငံအကျိုးပြု ဇာတ်ကားကောင်းများ ပေါ်ထွက်လာရေးအတွက် အဓိကရည်မှန်းချက် ထားရှိသည်။

နိုင်ငံတော်၏ရည်မှန်းချက်ပေါက်မြောက်အောင်မြင်ရေးနှင့် မြန်မာ့ရုပ်ရှင် အဆင့်အတန်း မြင့်မားရေးအတွက် ရုပ်ရှင်လောကသားများအားလုံးဝိုင်းဝန်းကြိုးပမ်းပါမှအောင်မြင်နိုင်မည်မှာ မြေကြီးလက်ခက်မလွဲဖြစ်သည်။

၂၀၀၂ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲကို ယနေ့ညနေ ၅ နာရီခွဲတွင် သုဝဏ္ဏ အမျိုးသားအားကစားပြိုင်ပွဲရုံ၌ ကျင်းပ တော့မည်ဖြစ်ရာ ပြည်သူချစ်သော အနုပညာရှင်များ၏ ရင်ခုန်သံကို မကြာမတင်သော အချိန်ဝယ် ကြားရ မြင်ရတော့မည်ဖြစ်သည်။ နှစ်(၅၀)ပြည့် ရွှေရတုကာလ ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲမှသည် ပြည်သူချစ်သော အနုပညာရှင်များ ပြည်သူ့အကျိုးပြု ဇာတ်ကားများ ပိုမိုဖန်တီးနိုင်ပြီး ပြည်သူ့အကျိုးပြု အနုပညာရှင်များ ဖြစ်ကြပါစေကြောင်း ၂၀၀၄ ခုနှစ် နှစ်သစ်ကူး အခါသမယ၌ ဆုမွန်ကောင်း လက်ဆောင်ပါးလိုက်ရပါသည်။ ॥ **(မြန်မာ့အလင်း)**

အသံမဝဲအဘိဓမ္မာ ခုနစ်ကျမ်းရွတ်ဖတ်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၃၀

ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး (၂၅)ကြိမ်မြောက် အသံမဝဲ မဟာအဘိဓမ္မာ ခုနစ်ကျမ်းရွတ်ဖတ် ပူဇော်ပွဲကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၆ ရက်မှ ၁၅ ရက်နေ့အထိ ၁၀ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ နာကြားလိုသူ သူတော်ကောင်းများအား ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

ပညာရေးစာအုပ်ပွဲတော်

နေရာ ။ ။ တက္ကသိုလ် စိန်ရတုသဘင်ခန်းမ (မြေညီထပ်) ပြည်လမ်း၊ ရန်ကုန်မြို့

အချိန် ။ ။ နံနက် ၈း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ

နေ့ရက်။ ။ ၂၀၀၃ ဒီဇင်ဘာလ ၂၇ ရက်မှ ၂၀၀၄ ဇန်နဝါရီလ ၃ ရက်အထိ

(တက္ကသိုလ်ကြီးများ၏ စာအုပ်ပြခန်းများနှင့် အထူးနှုန်း စာအုပ်အရောင်းဆိုင်များ)

ပညာရေးစုံညီပွဲတော်တွင်စာအုပ်အရောင်းဆိုင်များဖွင့်လှစ်ရောင်းချ

ရန်ကုန် ဒီဇင်ဘာ ၃၀

တက္ကသိုလ်များ စိန်ရတုခန်းမဆောင်၌ ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၃ ရက်ထိ ကျင်းပလျက်ရှိသော ပညာရေးစုံညီပွဲတော်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေဗိမာန်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှ စာအုပ်အရောင်းဆိုင်တို့နှင့်အတူ ပုဂ္ဂလိကစာအုပ်ဆိုင်ပေါင်း ၂၃ ဆိုင်တို့က စာအုပ်မျိုးစုံကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီထိ ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများသာမက ပြင်ပမှ စာပေပညာရှင်များ၊ စာပေဝါသနာရှင်များ၊ စာပေမြတ်နိုးသူများပါ လာရောက်၍ဝယ်ယူလျက်ရှိရာ အရောင်းဆိုင်များမှာ စည်ကားလျက်ရှိသည်။

စာအုပ်ဆိုင်များတွင် ရှားပါးစာအုပ်များ၊ ပညာရေးနှင့် သုတေသနဆိုင်ရာစာအုပ်များ၊ အဘိဓာန်မျိုးစုံ၊ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာဆိုင်ရာ အနုပညာစာပေများနှင့် ကလေးလူငယ်များအတွက် ပုံပြင်၊ ရုပ်ပြစာအုပ်မျိုးစုံကို ရောင်းချပေးလျက်ရှိသည်။

ထို့ပြင် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်၊ ကောလိပ် အသီးသီးနှင့် အခြေခံပညာဦးစီးဌာနမှ ပြခန်းများ၊ ကျောင်းသား ကျောင်းသူများ၏လက်ရာ အရောင်းပြခန်းများဖြင့်လည်း စည်ကားလျက်ရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ တိုးတက်ဖြစ်ထွန်းမှုများ

အကြောင်းအရာ	ရထားလမ်းပိုင်း	
	၁၉၈၈	၂၀၀၃
သံလမ်းမိုင်	၂၇၉၃ . ၈၆	၃၈၉၇ . ၂၉
ခရီးမိုင်	၁၉၇၆ . ၃၅	၂၉၈၉ . ၁၂
ဘူတာ	၄၈၇	၇၆၈
တံတား ကြီး/ငယ်	၅၆၅၀	၉၀၅၆

ဖောက်လုပ်ဆဲရထားလမ်းသစ် -၁၅၄ .၂၁ မိုင်
ထပ်မံဖောက်လုပ်မည့်ရထားလမ်း -၅၁၅ .၀၅ မိုင်

အကြောင်းအရာ	စက်ခေါင်းနှင့်တွဲများ	
	၁၉၈၈	၂၀၀၃
ရေနွေးငွေ့စက်ခေါင်း	၇၉	၃၉
ဒီဇယ်လျှပ်စစ်စက်ခေါင်း	၁၅၀	၁၉၆
ခရီးတိုရထား	၂၆	၆၀

အကြောင်းအရာ	ခရီးသည်၊ကုန်စည်ပို့ဆောင်မှု(သန်းဂဏန်း)	
	၁၉၈၈-၁၉၈၉	၂၀၀၂-၂၀၀၃
ခရီးသည်ဦးရေ	၃၆ .၆၈၉	၆၁ .၇၆၃
ခရီးသည်မိုင်	၁၈၇၀ .၁၂၅	၂၉၂၆ .၄၃၆
ကုန်တန်ချိန်	၁ .၂၆၉	၃ .၄၄၂
ကုန်တန်မိုင်	၁၉၆ .၅၇၉	၇၂၃ .၀၉၈

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် ပို့ဆောင်ရေး လုပ်ငန်းသည် အရေးပါသည့်ကဏ္ဍမှ ပါဝင်နေသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတော်တစ်ဝန်း အေးချမ်းတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ရာ ရထားပို့ဆောင်ရေးကဏ္ဍ၌ ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်မှုနှင့်အတူ ခရီးသည်နှင့်ကုန်စည်များ တိုးတက်ပို့ဆောင်ပေးနိုင်ခဲ့သည်။

ပုဂံ-ကျောက်ပန်းတောင်း ရထားလမ်းသစ်

ခရီးသည်နှင့်ကုန်စည်များ ကူးသန်းသွားလာမှု လွယ်ကူအဆင်ပြေစေရေးအတွက် မန္တလေးတိုင်း ပုဂံမြို့သစ်ရှိ ပုဂံဘူတာတွင် ပုဂံ-ကျောက်ပန်းတောင်း ရထားလမ်းသစ်ဖွင့်ပွဲကို ၁၉၉၇ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပခဲ့ရာ ပုဂံဘူတာမှ ကျောက်ပန်းတောင်းသို့ ရထားစတင်ထွက်ခွာစဉ်။

မန္တလေးဘူတာသစ်ကြီး

ခရီးသည်နှင့် ကုန်စည်များ ကူးသန်းသွားလာမှုလွယ်ကူအဆင်ပြေစေရေးအတွက် မန္တလေးတိုင်း မန္တလေးမြို့တွင် ခေတ်မီဘူတာသစ်ကြီးကို ဤသို့ခံ့ညားထည်ဝါစွာ တည်ဆောက်ထားသည်။

လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ဖောက်လုပ်လျက်ရှိသော ရှမ်းပြည်နယ် ရွှေညောင်-နမ့်စန် ရထားလမ်း။

နိုင်ငံတော်က ရထားပို့ဆောင်ရေးကဏ္ဍတွင် ရှမ်းပြည်နယ်၌ ရွှေညောင်-ရပ်စောက် ရထားလမ်း၊ အောင်ပန်း-ပင်လောင်း-လွိုင်ကော်ရထားလမ်း၊ နမ့်စန်-မိုးနဲရထားလမ်း၊ ရွှေညောင်-နမ့်စန် ရထားလမ်း။ ပုံညာတောင်ကို ဥမင်တောင်ဖြတ်သန်းတည်ဆောက်သည့် ချောင်းဦး-ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းနှင့် ရိုးမပတ်ရထားလမ်းစသည့် အချက်အချာကျသည့်ဒေသများကို ဆက်စပ်ဖောက်လုပ်ပေးခဲ့သည်။

ထို့ကြောင့် ၁၉၈၈ ခုနှစ်တွင် ရထားလမ်းခရီးမိုင်ပေါင်း ၁၉၇၆ မိုင်ကျော်သာရှိခဲ့ရာမှ ယနေ့ကာလတွင် ရထားလမ်းခရီးမိုင် ၁၀၁၂ မိုင်ကျော် တိုးပွားလာသည့်အတွက် ယခုအခါ နိုင်ငံတော်အတွင်း ရထားလမ်းခရီးမိုင်ပေါင်း ၃၀၀၀ နီးပါးရှိနေပြီဖြစ်သည်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကွမ်းခြံတန်းလမ်း၊ ၇၁နေ
(ဒုတိယဗိုလ်မှူးကြီး စိုးမြင့်)(လေ၊အငြိမ်းစား)-ဒေါ်မြရီ (အန်တီဝိုင်း) တို့၏သား
မောင်စိုးရူပ (Second Year, Antropology)
MULTIGATE CORP.,LTD. နှင့်
ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ လမ်းသစ်လမ်း၊ ခြံအမှတ် ၈၂နေ ဦးလှကြည်(တရားရုံးချုပ်ရှေ့နေ-နိုတြီပဗ္ဗလစ်)-
(ဒေါ်သန်းသန်းမြင့်) တို့၏ သမီးလတ်
မလှနှယ်နီချော
B.Sc(Hons:), M.Sc(Physics), I.D.C.S(U.K)
တို့သည်နှစ်ဖက်သော မိဘ၊ ဆွေမျိုးများရှေ့မှောက်၌ (၂၈-၁၂-၂၀၀၃ရက်) တနင်္ဂနွေနေ့တွင်
စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စိုးရူပ-မလှနှယ်နီချော။

ကျေးဇူးတင်လွှာ

မြကန်သာ မြန်မာထမင်းဆိုင်နှင့် အဆင့်မြင့်လက်ဖက်ရည်ဆိုင် စခန်းသာဟိုတယ်(ရန်ကုန်-ဘူတာကြီး)ဖွင့်ပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဌာနဆိုင်ရာ အကြီးအကဲများ၊ စာနယ်ဇင်း ပညာရှင်များ၊ မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ အဘက်ဘက်မှ မေတ္တာဖြင့်ကူညီပေးသော ရုပ်ရှင်နှင့်ဗီဒီယို သရုပ်ဆောင် ကြည်သာ(ပွဲကြိုက်ခင်)အား လည်းကောင်း ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

စခန်းသာဟိုတယ်မိသားစု

မြန်မာ့ရုပ်ရှင်လုပ်ငန်း
၂၀၀၂-ခုနှစ်အတွက် အကယ်ဒမီရွှေစင်ရုပ်ဆုပေးပွဲ

ကျင်းပမည့်နေရာ
အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏ

ကျင်းပမည့်နေ့ရက်
၃၁-၁၂-၂၀၀၃ (ဗုဒ္ဓဟူးနေ့)

ကျင်းပမည့်အချိန်
ညနေ (၅း၃၀)နာရီ

လက်မှတ်ရောင်းချမည့်နေရာများ
၁။ဘုရင့်ရုပ်ရှင်ရုံ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
၂။တပင်ရွှေထီးရုပ်ရှင်ရုံ ပြည်လမ်း၊
၃။အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏ

လက်မှတ်စတင်ရောင်းချမည့်ရက်
၂၄-၁၂-၂၀၀၃ (ဗုဒ္ဓဟူးနေ့)

လက်မှတ်ရောင်းချမည့်အချိန်
နေ့စဉ် နံနက် (၉း၀၀)နာရီ မှ ညနေ (၃း၀၀)နာရီ

ဝင်ကြေးနှုန်း
ကျပ် ၂၀၀၀၊ ၁၈၀၀၊ ၁၅၀၀၊ ၁၀၀၀

VeVe က ပံ့ပိုး ကူညီသည်။

အထူးသတိပေးချက်။ လက်မှတ်အတုများ ပေါ်ပေါက်နိုင်မှုကြောင့် အထက်ပါ သတ်မှတ်နေရာများတွင် ဝယ်ယူသော လက်မှတ်များမှလွဲ၍ အခြားပြင်ပတွင် ဝယ်ယူသော လက်မှတ်များ အတွက် တာဝန်မယူပါ။

မြန်မာ့ရုပ်မြင်သံကြား

၃၁-၁၂-၂၀၀၃(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း၊

- ၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တ ဦးဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈း၁၀ ၆။ အဆိုပြိုင်ပွဲ
- ၈း၂၀ ၇။ ဘိုင်းဒါးတံတား
- ၈း၃၀ ၈။ International News
- ၈း၄၅ ၉။ Learning English The Easy and Happy Way for Children and Beginners

ညပိုင်း၊

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၀၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆း၂၀ ၃။ Demonstration Exercises for Correct Pronunciation
- ၁၆း၃၀ ၄။ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၆း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၁၆း၅၀ ၆။ တေးဂီတအစီအစဉ်
- ၁၇း၀၀ ၇။ ၂၀၀၂ ခုနှစ်အတွက် မြန်မာရုပ်ရှင် ထူးချွန်ဆုပေးပွဲ အခမ်းအနား ကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
- ၂၀း၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
- ၁၂။ မြန်မာရုပ်ရှင် "**သူ့ကျွန်မခံပြီ**"(အပိုင်း-၁) (ညွှန့်ဝင်း၊ နေအောင်၊ ကျော်သူ၊ ကျော်ရဲအောင်၊ လွင်မိုး၊ မေသန်းနု၊ စံရှားတင်၊ နန္ဒာလှိုင်) (ဒါရိုက်တာ-ကြည်စိုးထွန်း)

နွေရာသီယမိုက်+ပဋ္ဌာန်းအထူးသင်တန်း

ရန်ကုန် ဒီဇင်ဘာ ၃၀

အင်းစိန် ရွာမပရိယတ္တိစာသင်တိုက်၌ (၁၃)ကြိမ်မြောက် နွေရာသီ ယမိုက်+ပဋ္ဌာန်း အထူးသင်တန်းကြီးကို ၁၃၆၆ ခုနှစ် ကဆုန်လဆန်း ၆ ရက် (၂၄-၄-၂၀၀၄)ရက် စနေနေ့မှ နယုန်လဆန်း ၁၁ရက် (၂၉-၅-၂၀၀၄)ရက် စနေနေ့အထိ နှစ်တိုင်းကဲ့သို့ ကျင်းပသွား မည်ဖြစ်သည်။ သင်တန်းတက်ရောက် လိုသော သံဃာတော်များသည် စာရင်းပေးသွင်းနိုင်ကြပြီး ကဆုန်လဆန်း ၅ ရက်အရောက် ကြွရောက်သည့်အခါ သာသနာဝင် မှတ်တမ်း(သို့) ခိုင်လုံသော ထောက်ခံစာယူဆောင်၍ အထူးနက်နဲခက်ခဲလှသည့် အဘိဓမ္မာဆိုင်ရာ ယမိုက်+ပဋ္ဌာန်းကျမ်းဂန်များကို လေ့လာသင်ကြား နည်းယူရန် ကြွရောက်လာကြကုန်သော တိုင်းနှင့်ပြည်နယ်အသီးသီးမှ စာချ၊ စာသင်၊ ရဟန်း၊ သာမဏေနှင့် သီလရှင်တို့အား အထက်ဖော်ပြပါ ရက်များအတွင်း နံနက်ဆွမ်း၊ နေ့ဆွမ်း၊ အအေးနှင့် သင်တန်းသုံးစာအုပ်များကို သင်တန်းဖြစ်မြောက်ရေးကော်မတီ ဖုန်း-၆၄၀၀၇၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဒါတွေကိုသိဖို့လိုတယ်

- ❖ မြှောက်တိုင်းလည်း မမြောက်နဲ့
- ❖ ခြောက်တိုင်းလည်း မကြောက်နဲ့
- ❖ ချော့တိုင်းလည်း မပျော့နဲ့

တိုင်းတစ်ပါးကျူးကျော်မှုဒဏ်ကို ခံစားနေရသော အီရတ်ပြည်သူများ၏ အနိဋ္ဌာရုံများ အီရတ်စစ်မြေပြင်၊ မငြိမ်းချမ်းသောအီရတ်စစ်မြေပြင် စာအုပ်များ၏နောက်ဆက်တွဲ နောက်ဆုံးဖြစ်ရပ်များ

ထွက်ပြီ

သတင်းနှင့်စာနယ်ဇင်းစာအုပ်ဆိုင် အမှတ်-၂၁၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
ကြေးမုံသတင်းစာတိုက် အမှတ်-၇၇၊ ၅၂လမ်း၊ ရန်ကုန်မြို့တို့တွင် ရရှိနိုင်ပါသည်။

ရဲချုပ်ဒိုင်းပြည်နယ်နှင့်တိုင်းဘောလုံးပြိုင်ပွဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ဗိုလ်လုပွဲတက်

ရန်ကုန် ဒီဇင်ဘာ ၃၀

(၃၉)ကြိမ်မြောက် ရဲချုပ်ဒိုင်း ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ ပထမအကြို ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ ညနေ၃နာရီတွင်အောင်ဆန်းအားကစား ပြိုင်ကွင်း၌မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အသင်းနှင့် မန္တလေးတိုင်း ရဲတပ်ဖွဲ့ အသင်းတို့ ယှဉ်ပြိုင်ကစားရာ မြန်မာ နိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်အသင်းက ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲတက်ရောက်သွားသည်။

ပွဲစပြီး မိနစ် ၂၀ အကြာတွင် မန္တလေးတိုင်းရဲတပ်ဖွဲ့အသင်းအတွက် ကျော်လှိုင်က အဖွင့်ဂိုးသွင်းယူသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်အသင်း အတွက် မိနစ် ၄၀ တွင် တင်ရွှေက ချေပဂိုးသွင်းယူပေးသည်။ ၄၂ မိနစ် တွင် သူရကျော်က ဒုတိယဂိုးသွင်းယူ သဖြင့် ပထမပိုင်းအပြီးတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်းတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်အသင်းက လေးဂိုး ထပ်မံ သွင်းယူရာ ၄၆ မိနစ်တွင် သော်ဇင်က တတိယဂိုး၊ မိနစ် ၅၀တွင် အောင်မျိုးသန့်က စတုတ္ထဂိုး၊ ၇၂မိနစ် တွင် အောင်ကျော်ကျော်က ပဉ္စမဂိုး၊ ၈၅ မိနစ်တွင် ဝင်းကိုက ဆဋ္ဌမဂိုး သွင်းယူသည်။ ပွဲစဉ်အလိုက်အကောင်း ဆုံးဆုကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အသင်းမှ မင်းသော်မောင်က ရရှိသည်။

ဒီဇင်ဘာ၃၁ ရက် (ယနေ့)ညနေ ၃ နာရီတွင် အောင်ဆန်းအားကစား ပြိုင်ကွင်း၌ ဒုတိယအကြိုဗိုလ်လုပွဲစဉ် အဖြစ် ဧရာဝတီတိုင်းရဲတပ်ဖွဲ့အသင်း နှင့် ပဲခူးတိုင်း ရဲတပ်ဖွဲ့အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဒီဇင်ဘာ ၃၀

မြန်မာ ဂေါက်သီးရိုက်အသင်း တွင် ဦးမြင့်ဝင်းသည် ကစားဖော်များ ဖြစ်ကြသော ဦးသန်းထွန်းအောင်၊ ဦး သန်းဌေး၊ ဦးမြင့်စိုးတို့နှင့်အတူ ဒီဇင် ဘာ၂၇ရက်တွင် မြန်မာဂေါက်သီးရိုက် အသင်း၌ ကစားစဉ် E.V(03)ဘော လုံးကို Callaway(96)Wood 3 တုတ်ဖြင့်ရိုက်လိုက်ရာ ၁၂၈ကိုက်ရှိ အမှတ်(၅)ကျင်း၌ တစ်ချက်တည်း ကျင်းဝင်သွားသည်။ **(သတင်းစဉ်)**

နည်းပညာဆွေးနွေးပွဲတက်ရောက်နိုင်

ရန်ကုန် ဒီဇင်ဘာ ၃၀

Myanmar Information Technology Pte.,Ltd.ကကြီးမှူး၍ ပါမောက္ခ ဒေါက်တာအောင်ထွန်း သက် (Principal Officer;United Nations System College; Turin-Italy)၏ "The Power of Possibility Thinking: Tough Times Never Last, but Tough People Do"ဆွေးနွေးပွဲကို ရန်ကုန် တိုင်း လှိုင်မြို့နယ် MICT Park အစည်းအဝေးတွင် ၂၀၀၄ခုနှစ်ဇန်နဝါရီ ၂ရက်(သောကြာနေ့) နံနက် ၉နာရီ မှ မွန်းလွဲ၁၂း၃၀နာရီအထိ ကျင်းပ မည်ဖြစ်သည်။ စိတ်ပါဝင်စားသူများ သည် ဖုန်း-၆၅၂၂၆၅၊ ၆၅၂၃၀၂၊ ၆၅၂၃၀၃နှင့် ၇၂၅၁၁၅ တို့သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ကြသည့် ကမ်းနားလမ်း ကျောက်ချောလမ်းခင်းခြင်းနှင့် မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ အမှုဆောင်အရာရှိ ဦးအောင်ရွှေနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ဒီဇင်ဘာ ၂၈ရက်တွင် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

အထူးကုအဖွဲ့ ကွင်းဆင်းဆေးဝါးကုသ၊ ပညာပေးဟောပြော

ကညွတ်ကွင်း ဒီဇင်ဘာ ၂၀

ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီကကြီးမှူး၍ တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ဒီဇင်ဘာ ၁၆ရက်တွင် ကညွတ်ကွင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း မြရတနာခန်းမနှင့် တိုက်နယ်ဆေးရုံတို့၌ ကွင်းဆင်းဆေးကုသပေးခြင်း၊ ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ကြသည်။

အခမ်းအနားသို့ တောင်ပိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနှင့် ဇနီးတို့ တက်ရောက်ကြည့်ရှုအားပေးကြပြီး ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မြင့်မြင့်သန်းက ကျန်းမာရေးပညာပေးဟောပြောသည်။

ကညွတ်ကွင်းဒေသရှိလူနာ ၁၁၀၄ဦးတို့အား အထူးကုဆရာဝန်ကြီး ၁၂ ဦးတို့က အခမဲ့စမ်းသပ်ကုသခဲ့ပြီး ဆေးဝါးများ အခမဲ့ထောက်ပံ့ရန် ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီမှ ကျပ်ငွေ တစ်သိန်းကို တိုင်းမှူး၏ဇနီးက တိုက်နယ်ဆရာဝန် ဒေါက်တာ ကျော်ကျော်ဦးထံ ပေးအပ်လှူဒါန်းသည်။ (က-ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

ကန့်ဘလူ အထက ရွှေရတုအထိမ်းအမှတ် အာစရိယပူဇော်မည်

ကန့်ဘလူ ဒီဇင်ဘာ ၁၆

ရွှေဘိုခရိုင် ကန့်ဘလူမြို့အခြေခံပညာအထက်တန်းကျောင်း၏နှစ်(၅၀) ပြည့်ရွှေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲအခမ်းအနားကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ကန့်ဘလူမြို့ အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရွှေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲအခမ်းအနားတွင် ကန့်ဘလူမြို့ အထက်တန်းကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ဖူးသူ အသက် ၆၀နှင့် အထက် ဆရာ၊ဆရာမကြီးများအား တပည့်ကျောင်းသားကျောင်းသူများက ပူဇော်ကန်တော့ကြမည်ဖြစ်ရာ အဝေးရောက်တပည့်များ၊ ပါဝင်လှူဒါန်းလိုသူများ ကန့်ဘလူမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးဒေါ်ညွန့်ညွန့်ဝေနှင့်ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းသိရသည်။ (၀၅၆)

စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးကျော်စန်းနှင့်အဖွဲ့သည် ညောင်တုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ထားသော မြို့သန့်ရှင်းသာယာလှပရေးဆောင်ရွက်မှုများ၊ မြို့အဝင်ဆိုင်းဘုတ်နှင့် မြက်ခင်းအလှ၊ ပန်းအလှစိုက်ပျိုးမှုများကို ဒီဇင်ဘာ ၁၇ရက်က ကွင်းဆင်းစစ်ဆေးရာ ညောင်တုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသက်ပိုင်က ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြစဉ်။ (၀၉၈)

ညောင်ဦးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပ

ညောင်ဦး ဒီဇင်ဘာ ၂၂

ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ညောင်ဦးမြို့နယ် သန့်စင်ကြယ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် နယ်လှည့်စာကြည့်တိုက်၊နံရံကပ်စာစောင်၊ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဒီဇင်ဘာ ၁၇ရက်ကကျင်းပရာ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်ဦးစန်းမောင်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်မှူး ဒေါ်မေသက်နွယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဟောပြောပွဲတွင် စာကြည့်တိုက်မှူး ဒေါ်မေသက်နွယ်က မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့်နယ်လှည့်စာကြည့်တိုက်၊ လူငယ်နှင့် အနာဂတ်တာဝန်အကြောင်းတို့ကို ရှင်းလင်းဟောပြောသည်။

ညပိုင်းတွင် ကျေးရွာနေပြည်သူများအား ပညာပေးဗီဒီယိုဓာတ်လမ်းများ ပြသကြသည်။

(ခရိုင် ပြန်/ဆက်)

၂၀၀၂-၂၀၀၃ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုနှင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက်က ရောဝတီတိုင်း ကျောင်းကုန်းမြို့နယ်အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှိ ခန်းမတွင် ပြုလုပ်ရာ ပဉ္စမတန်းမှအဋ္ဌမတန်းအထိ အလယ်တန်းအဆင့် လေးနှစ်ဆက်တိုက် ပထမဆုရရှိသည့် မမေမြတ်နိုးပွင့်အား ကျောင်းအုပ်ဆရာကြီး ဦးကျော်ငြိမ်းက ဆုချီးမြှင့်စဉ်။ (၂၆၅)

ငှက်ဖျားသံသယလူနာများ သွေးဖောက်စစ်ဆေးပေး

နွားထိုးကြီး ဒီဇင်ဘာ ၁၄

မြို့နယ်ကျန်းမာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ကျန်းမာရေးဌာနမှ ကျန်းမာရေးကြီးကြပ် (၁) ဦးကျော်ကျော်ဦး၊ ကြီးကြပ်(၂) ဦးဇော်မြင့်နှင့် အဖွဲ့သည် ဝက်လူးတိုက်နယ်ကျန်းမာရေးဌာနပိုင် ကဒေါင်းကျေးရွာအုပ်စုရှိ ကဒေါင်း၊ ဒေါင်းဦး၊ သာပေါင်း၊ ညောဇင်နှင့် ငှက်ပျောအိုင်ကျေးရွာများမှ ငှက်ဖျားသံသယလူနာများအား သွေးဖောက်စစ်ဆေးခြင်း၊ ဆေးကုသပေးခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။ (၂၁၃)

အလင်းတန်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ ၁၆ရက်က မြောင်းမြမြို့နယ် စခန်းကြီးကျေးရွာ၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးမြသင်း၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်အုန်းမြနှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

အင်္ဂပူမြို့နယ်ဥက္ကဋ္ဌဖလားဘောလုံးဗိုလ်လုပွဲကျင်းပ

အင်္ဂပူ ဒီဇင်ဘာ ၁၉

၂၀၀၃ ခုနှစ် အင်္ဂပူမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဒေသပေါင်းစုံ ဆောင်းရာသီဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက်ညနေက အင်္ဂပူမြို့နယ်အားကစားကွင်း၌ ကျင်းပရာ ညောင်ကျိုးဒေသဘောလုံးအသင်းက အင်္ဂပူဒေသဘောလုံးအသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ဂိုးအကောင်းဆုံးဆုရရှိသော အားကစားသမားနှင့် နောက်တန်းအကောင်းဆုံးဆုရရှိသော အားကစားသမားအား ဒုတိယဗိုလ်မှူးကြီးခင်မောင်ဌေးကလည်းကောင်း၊ အလယ်တန်းအကောင်းဆုံးဆုရရှိသော အားကစားသမားအား ဗိုလ်မှူးစတင်ဝင်းကလည်းကောင်း၊ ရှေ့တန်းအကောင်းဆုံးဆုရရှိသော အားကစားသမားအားမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးမြတ်စိုးက လည်းကောင်း၊ အသန့်ရှင်းဆုံးအသင်းဆုအားမြို့နယ်အဖွဲ့ဝင်(၂)ဦးထွန်းသိန်းက လည်းကောင်း၊ဒုတိယဆု ရရှိသော အင်္ဂပူဒေသဘောလုံးအသင်းအား မြို့နယ်အဖွဲ့ဝင်(၁)ဒုတိယရဲမှူး ထွန်းလွင်ကလည်းကောင်းဆုများချီးမြှင့်ပြီး ပထမဆုရရှိသော ညောင်ကျိုးဒေသဘောလုံးအသင်းအား မြို့နယ်ဥက္ကဋ္ဌဦးသစ်လွင်က ငွေသားဆုနှင့်တံခွန်စိုက်ဆုဖလားကိုချီးမြှင့်သည်။ (၁၃၁)

မြန်မာ့အသံ

၁-၁-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇:၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (စိုက်ပျိုးရေးရာပြန်ကြားလွှာ)

၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ပဋ္ဌာန်းဥယျာဉ် မြတ်စာစဉ် တရားတော်(ဘဒ္ဒန္တပဏ္ဍိတ)
(၂) ယုံချင်ယုံမယုံချင်နေ(တတိယတွဲ) (မောင်သိန်းလွင်ရွှေဟသာ်စာပေ)

၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (ကမ္ဘာမြေအတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး- ဒုတိယပိုင်း-မောင်ဆုရှင်)

၁၂:၃၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ပဲတောင့်ရှည်ဟင်း၊ ဓနိဖြူသီးထောင်း၊ငါးပိကောင်ကင်)

ညနေပိုင်း

၁၆:၃၀ ထီပေါက်စဉ် -နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၁၅ သုတရေးရာဖြေကြားလွှာ

၁၉:၁၅ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဓာတ်လမ်းပမာနာ:ဆင်စရာ (ရွှေခေတ်ဆီသို့)

၂၀:၃၀ ခေတ်အဆက်ဆက်လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းကြောင်း ဆွေးနွေးခန်းအစီအစဉ်(အပိုင်း-၁)

မုန့်ချို၏ကျေးဇူးတင်လွှာနှင့် နှစ်သစ်ဦးဆုတောင်းမေတ္တာ

၁၉၆၇ ခုနှစ်မှ စ၍ မုန့်ချိုဆေးတိုက်မှ ထုတ်လုပ်သော **"မုန့်ချိုသလိပ်ပျောက်အသံကောင်းချောင်းဆိုးပျောက်ဆေး"** (0705 Y 6263)ဘူးဒီဇိုင်းပုံစံသစ်ကို (၁-၁-၂၀၀၄) မှ စ၍ မူလဆေးအာနိသင်မပြောင်းဘဲ ပိုမိုကောင်းမွန်စွာ အရည်အသွေးမြှင့်၍ နိုင်ငံတကာအဆင့်မီ ထုပ်ပိုးမှု နည်းပညာသစ်၊ ဒီဇိုင်းပုံစံသစ်များဖြင့် ထုတ်လုပ်ဖြန့်ဖြူးလိုက်ပြီ ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဘူးသစ်ပုံစံ ဘူးဟောင်းပုံစံ

ထပ်မံထုတ်လုပ်သော ဆေးသစ်များ

- * မုန့်ချို ဆီးချို သွေးချိုကျအထူးဆေးပြား (0906 Y 6834)၊
- * မုန့်ချို ပန်းနာရင်ကျပ်ပျောက်ဆေးပြား (0601 Y 2481)၊
- * မုန့်ချို လေးဖက်နာသောက်ဆေးပြား (0401 Y 1492)၊
- * မုန့်ချို မီးယပ်သွေးဆေးပါဆေးပြား (0906 Y 06836)၊
- * မုန့်ချို သွေးတိုးကျဆေးပြား (0906 Y 06833)
- * မုန့်ချို အကြောပြေအားတိုးဆေး (0906 Y 06835)၊
- * မုန့်ချို အထူးနှလုံးဆေးပြား (0601 Y 2254)၊
- * မုန့်ချို အစာအိမ်ဆေးပြား (0102 Y 3436)

စေတုတ္တအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲတွင် မေတ္တာဖြင့် ဝယ်ယူအားပေးသုံးစွဲကြသောရပ်နီးရပ်ဝေး မိတ်ပြည်သူများအား လည်းကောင်း၊ ရန်ကုန်နှင့် နယ်မှ မုန့်ချိုဆေးကိုယ်စားလှယ်များအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်းနှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း သုခမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေဟု နှစ်သစ်ဦး ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။

မုန့်ချိုတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစု

မိတ်ပြည်သူအပေါင်းအား နှစ်သစ်မင်္ဂလာအခါသမယတွင် နှုတ်ခွန်းဆက်သပါသည်

Grand Wynn Enterprises Ltd.

မှ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ်ရောင်းချဖြန့်ဖြူးပေးနေသောဆံကေသာအလှဆင်ပစ္စည်းများ၊အကောင်းဆုံးမာဂျရင်း တို့အားဝယ်ယူသုံးစွဲကြသောမိတ်ပြည်သူအပေါင်းတို့သည် ၂၀၀၄ခုနှစ်၏ နှစ်သစ်အခါသမယတွင်ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေရန် ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။

၂၀၀၄ခုနှစ်တွင်မုန့်လုပ်ငန်းသုံးသန့်စင်ပြီးမာဂျရင်းအမျိုးမျိုးတောပတ်ဆီတို့ကို ပြည်တွင်းမုန့်လုပ်ငန်းရှင်ကြီးများအတွက် လိုအပ်သလို ရောင်းချပေးမည့်အပြင် အများဆုံးဝယ်ယူသူများကိုလည်း နိုင်ငံခြားသို့ ပညာသင်ခရီးထွက်ပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါး အပ်ပါသည်။

(Grand Wynn မိသားစု)။

ရေဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကျုံပျော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ ဒီဇင်ဘာ ၁၈ရက်က ရောက်ရှိပြီး ရေဦး ပန်းခြံအတွင်း ပျိုးဥယျာဉ်တည်ထောင်ထားရှိမှု နှင့် ငရုတ်ကောင်း စိုက်ခင်း စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ် စည်ပင်)

ကျိုက္ခမီအသင်း သက်ကြီးပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၃၀

ကျိုက္ခမီအသင်း ရန်ကုန်၏ (၁၂)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁၁ ရက်(တနင်္ဂနွေနေ့)နံနက် ၈ နာရီခွဲတွင် ရန်ကုန်လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ကျိုက္ခမီတိုက်ကျောင်း၌ ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ်ပြည့်သူများနှင့် ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်း၌ဂုဏ်ထူးဖြင့် အောင်မြင်သူများ၏ အမည်စာရင်းတို့ကို နာယက ဦးကံထွန်း ဖုန်း-၂၅၃၄၄၀၊ ဥက္ကဋ္ဌ ဦးအောင်ထွန်း ဖုန်း-၀၉ ၈၀ ၃၁၂၈၆နှင့်အတွင်းရေးမှူး ဦးမြသောင်း ဖုန်း-၇၀၀၂၃၄ တို့သို့ ၂၀၀၄ခုနှစ် ဇန်နဝါရီ ၅ ရက်နောက်ဆုံး ထားပေးပို့ကြရမည် ဖြစ်သည်။

(က-ပ)



စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးကျော်ဆန်းနှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၉ရက်က ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိလာပြီး မြို့ပေါ်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။ (၀၈၅)

သက်ကြီးအခြေခံအသုံးချကွန်ပျူတာသင်တန်းဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၃၀

M.Plus Creative Media Groupမှ သက်ကြီးအခြေခံအသုံးချကွန်ပျူတာ သင်တန်းအပတ်စဉ် (၃)ကို ဇန်နဝါရီ ပထမအပတ်တွင် ဆက်လက် ဖွင့်လှစ်သွားမည်ဖြစ်သည်။ သင်တန်းတွင် ငယ်စဉ်ကာလက အကြောင်းအမျိုးမျိုးကြောင့် ကွန်ပျူတာ နည်းပညာကို သင်ကြားနိုင်ခြင်းမရှိခဲ့သော အသက်၃၅နှစ်အထက် ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အငြိမ်းစား ဝန်ထမ်းများအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်သည်။

သင်တန်းတွင် သင်ကြားပေးမည့် ဘာသာရပ်များမှာ အခြေခံ ကွန်ပျူတာပြုပြင် ထိန်းသိမ်းခြင်းနည်းပညာ၊ စာစီစာရိုက်ခြင်း (အင်္ဂလိပ်၊ မြန်မာ)၊ အခြေခံ စာရင်းဇယားများ ထည့်သွင်းခြင်း၊ ဂရပ်ဖစ်၊ ဒီဇိုင်းအခြေခံ စကင်နာအသုံးပြုပုံ ဖတ်ခြင်း၊ ပရင်တာအသုံးပြုပုံထုတ်ခြင်း၊ ဓာတ်ပုံများအားနှစ်သက်ရာ အသံ အထူးပြုလုပ်ချက်များ ထည့်သွင်းခြင်း စာတန်းထိုး၍ ဗွီစီဒီထုတ်လုပ်ခြင်း စသည့်ဘာသာရပ်များအား သင်တန်းသား တစ်ဦးလျှင် ကွန်ပျူတာ တစ်လုံးစီဖြင့် သင်ကြားသွားမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည်အမှတ်၁၉၄၊ ၃၃လမ်း (အထက်) ကျောက်တံတားမြို့နယ်၊ ဖုန်း-၇၀၄၉၄၇၊ ၀၉-၅၀၀၇၄၂၃၊ e-mail mrm @ mail 4u. com-mm,mrt @ mail 4u com.mm, သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(က-ပ)

အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းများဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၃၀

SAYA-TONY ဦးစီးသော O.B.F Language Centreတွင် အင်္ဂလိပ်စာကို အထူးကျွမ်းကျင်စွာ စနစ်တကျ တတ်ကျွမ်းလိုသော ကျောင်းသား ကျောင်းသူများ၊ အလုပ်ခွင်ဝင်မည့်သူများအတွက် အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကား ပြောသင်တန်းများ၊ Grammar သင်တန်း၊ Foreign Going English Course၊ All Round Development (Speaking Writing Listening Reading) သင်တန်း၊ နိုင်ငံတကာ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲသင်တန်းများ ဖြစ်သော IELTS သင်တန်း၊ TOEFL သင်တန်း၊ BECသင်တန်းနှင့် FCE သင်တန်းများကို လစဉ် တန်းခွဲသစ်များဖွင့်လှစ်၍ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းများကို SAYA-TONY က သင်ကြားပို့ချပေးမည်ဖြစ်ရာ တတ်ရောက်လိုသူများ အသေးစိတ် သိလိုပါက အမှတ် ၂၃၃ ပထမထပ် ၃၅လမ်း (အထက်ဘလောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၈၆၀၁၇သို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနက ဖွင့်လှစ်သော နေ့ကလေးထိန်းကျောင်း ရင်သွေးငယ်များ၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစား ပြိုင်ပွဲကို ဒီဇင်ဘာ ၂၀ရက်က ကျင်းပရာ စီမံကိန်းမန်နေဂျာ ဦးသန်းလွင်က ဆုရရင်သွေးငယ်တစ်ဦးအား ဆုချီးမြှင့်စဉ်။(မြို့နယ်ပြန်/ဆက်)

St. Joseph's Convent (R.C.M)

M - 3 Food Center

နှစ် (၄၀) ပြောက် မင်္ဂလာဆုတောင်း

ကျေးဇူးရှင် ဖေဖေ **ဦးခင်မောင်မြင့်**
Chairman-Far East Trade Center (Yangon) Ltd.
နှင့်
ကျေးဇူးရှင် မေမေ **ဒေါ်တင်တင်ဦး**

တို့၏ ၃၁–၁၂–၂၀၀၃ ရက်တွင် ကျရောက်သော နှစ် (၄၀)မြောက် မင်္ဂလာရက်မြတ်မှသည် မင်္ဂလာ နှစ်(၁၀၀)တိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင် နှင့် ဘဝခရီးလမ်းကို သမီးနှင့်အတူ လျှောက်လှမ်းနိုင်ပါစေ။

သမီး–မသန္တာ။

ရောင်းမည်

လက်ရှိအသုံးပြုနေသော Cannon မိတ္တူကူးစက်နှစ်လုံး အမြန်ရောင်းမည်။

ဖုန်း–၅၅၇၈၈၂ ၊ ၅၅၇၅၁၄
(ရုံးချိန်အတွင်း)

Golden Hope Int'l Ltd.

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်ုပ်တို့၏ သားဖြစ်သူ မောင်ကြည်ဇော်မိုး ၁၂/မဂတ (နိုင်) ၀၇၄၁၂၄သည် မိဘများ၏ ဆုံးမမှုကိုမနာခံဘဲ မိမိဆန္ဒအလျောက် ပြုမူနေထိုင်ပါသဖြင့် ၂၇–၁၂–၂၀၀၃ ရက်မှစပြီး အမွေစားအမွေခံသားအဖြစ်မှစွန့်လွှတ်၍ နောက်နောင်ငြင်းနှင့် ပတ်သက်သော ကိစ္စကိုလုံးဝတာဝန် မယူပါကြောင်းကြေညာအပ်ပါသည်။ **ဦးဇော်မိုး**

OK Electronics 'နှစ်သစ်ကူး ဈေးရောင်းပွဲ'

မြန်မာမျက်မှန်

ဈေးရောင်းပွဲတော်

☎ - ၃၇၅၈၀၀

ရောင်စုံကမ္ဘာ ဒီဂျစ်တယ် ဓာတ်ပုံ ဆေး/ကူးအမြန်

COLOR WORLD DIGITAL IMAGING SERVICE

DIGITAL CAMERA ... COMPUTER ... DIGITAL ...

... DIGITAL ... ☎ - 285124

ကျေးဇူးတင်ရှိခြင်း

၂၃–၁၂–၂၀၀၃ နေ့တွင် ကွယ်လွန်သွားခဲ့သော ဦးညဏ်စိန်၏ မကျန်းမာစဉ်က ပြုစုကုသပေးခဲ့သော ဆာကူရာဆေးခန်းမှ ဆရာ ဆရာမများအားလည်းကောင်း၊ ဈာပနကိစ္စအဝဝတွင် အဘက်ဘက်မှ လိုလေသေးမရှိ ကူညီဆောင်ရွက်ပေးကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သဂ်ဟများအားလုံးကိုလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

RUBY CarRental
725317, 650823
24 hr

မြန်မာဂိုး(လ်)ဒင်းစတားကုမ္ပဏီသည် (၂၀၀၄)ခုနှစ်ကို ကြိုဆိုသောအားဖြင့် စီးပွားဖက်မိတ်ဆွေများ၊ စားသုံးသူများနှင့် မိတ်ပြည်သူများအားလုံးကို နှောင်နှစ်အခါသမယတွင် ကိုယ်စိတ်နှစ်ဖြာချွင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းပန်ခြွေအပ်ပါသည်။ မြန်မာဂိုး(လ်)ဒင်းစတားကုမ္ပဏီနှင့်အတူ မြန်မာနိုင်ငံတွင်းရှိ

ပြည်သူပြည်သားများအားလုံး အကျိုးကျေးဇူးများတိုးတက်အောင်မြင်နိုင်ကြပါစေ . . .

MYANMAR GOLDEN STAR GROUP ★ (MGS)

အချိန်တွေ ပြောင်းလဲနေပေမယ့်

ကျွန်တော်တို့အရည်အသွေးပေါ် ယုံကြည်မှုကတော့

ထာဝရပါ

Star Crusher Quench

MGS Beverages Co., Ltd. POPA AQUA

Dagon Brewery Co., Ltd. (JV) Dagon

MGS Foods Co., Ltd. CROWN

မြန်မာဂိုး(လ်)ဒင်းစတားကုမ္ပဏီ(ပ်)ဂြိုဟ်အင်ဒီလိမိတက်ကို ၁၉၉၉ ခုနှစ်တွင်စတင်တည်ထောင်ခဲ့ပြီး ဖက်စပ်လုပ်ငန်းကြီး (၆) ခု နိုင်ငံသားပိုင် ကုမ္ပဏီကြီး (၅) ခုတို့ဖြင့် စားသောက်ကုန်လုပ်ငန်း သစ်အခြေခံကုန်ထုတ်လုပ်ငန်း ဘဏ်လုပ်ငန်းကုန်သွယ်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိပါသည်။

ယုံကြည်စိတ်ချရသော ခေတ်မှီသည့်အရည်အသွေးအဆင့်မြင့်ဖြင့် ကျွန်ုပ်တို့တန်ဖိုးထားသော စားသုံးသူများ မြန်မာပြည်သူများကို ထိရောက်သောနည်းစနစ်များနှင့် ခံနိုင်ရည်ထုတ်ကုန်များ/ဝန်ဆောင်မှုများပေးနေပါသည်။

STAR SURFACE COATINGS WOOD

ကျေးရူးတုံ့ပြန်ပွဲကြီး

UPG မှ ထုတ်လုပ်လိုက်သော **STAR WOOD** သစ်အရောင်တင်သုတ်ဆေးအမျိုးမျိုးကို တစ်စိုက်နက် ဝယ်ယူအားပေးကြသည့်အတွက် UPG မှ အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနဲ့ UPG **STAR WOOD** ကလည်း ၂၀၀၃ ခုနှစ်အတွက် ဝယ်ယူအားပေးကြသော သုံးစွဲသူ၊ လုပ်ငန်းရှင်၊ ဆေးသုတ်ဆရာများကို မိမိတို့လက်ဝယ်ရှိ **STAR WOOD** ပုံးခွံများနှင့် မီးပူ၊ စတီးချိုင့်၊ ထမင်းပေါင်းအိုး၊ အသားကင်စက်၊ ရေနွေးကြိုး၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာ စသည်တို့လဲလှယ်ခြင်းဖြင့် ထိုက်တန်စွာ ကျေးဇူးတုံ့ပြန်ဖို့ ပြင်ဆင်ထားရှိပါပြီ။

STAR WOOD ပုံးခွံ (၂) ခွံရှိရုံမျှဖြင့် သုံးစွဲသူ၊ လုပ်ငန်းရှင် စာရင်းအင်းစနစ်ကြီးမှဖြစ်ပြီး
ရန်ကုန်မြို့တွင် (၂၅.၁.၀၄) နှင့် မန္တလေးမြို့တွင် (၃၁.၁.၀၄) နေ့မှာ အခမ်းအနားဖြင့် ကျေးဇူးတုံ့ပြန် ပေးအပ်မှာ ဖြစ်ပါတယ်။

လူကြီးမင်းတို့လက်ဝယ်ရှိ **STAR WOOD** ပုံးခွံများကို လက်ဆောင်ပစ္စည်းများဖြင့် လဲလှယ်နိုင်ရန်နှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ၂၀၀၃ ခုနှစ် ဇန်နဝါရီလ (၁၇) ရက်နေ့အတွင်း—

Marketing & Sales UPG Co., Ltd.

၁။ ဦးကျော်ကျော်နိုင်၊ ဦးအေးသန်း (Yangon) ဖုန်း။ ၀၁-၂၀၀၅၃၅၊ ၂၉၈၄၃၂

၂။ ဦးလှမိုး၊ ဦးသန်းထွန်းဦး (Mandalay) ဖုန်း။ ၀၂-၇၀၃၁၀ ၊ ၇၀၂၅၀

သို့အချိန်မီဆက်သွယ်ပေးပါရန် သတင်းပေးနှိုးဆော်အပ်ပါသည်။

UPG Manufactured by UNITED PAINTS GROUP CO., LTD.

BM TRADA ISO 9001:2000 UKAS Certificate Number : 2292

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စံလှိုင်

အသက်(၈၆)နှစ်

မန္တလေးမြို့၊ မဟာအောင်မြေ(အရှေ့)၊ ၈၁ လမ်းနေ (ဦးစံညွန့်)၏ဇနီး၊ ရန်ကုန်မြို့၊ ရန်ကင်း၊ အနီဃာလမ်းနေ ဦးစိန်ရွှေ(မြန်မာ့အလင်း၊ စာတည်း)-ဒေါ်ခင်တင့်၊ မန္တလေးမြို့နေ ဒေါ်တင်တင် (သချ်ာကထိက၊ ငြိမ်း၊ မန္တလေး တက္ကသိုလ်)၊ ဦးကျော်ငွေး (ဗာဂျီနီယားဆေး)-ဒေါ်ရင်မေ (ဗာဂျီနီယားဆေး) တို့၏မိခင်၊ မဖြူမာလှိုင်(3th Yr. Eng၊ ဒဂုံတက္ကသိုလ်)၊ မမြမြသက်တို့၏ အဘွားသည် ၂၉-၁၂-၂၀၀၃ရက် (တနင်္လာနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ တောင်မြင့်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးညိုထွန်း (ဗိသုကာ)

အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ တိုက်အမှတ် ၁၅ B/၄ နေ (ဒေါ်မြင့်မြင့်အောင်)၏ခင်ပွန်း၊ (ဦးဉာဏ်ထွန်း)၊ ဒေါ်ညိုညိုတို့၏သား၊ မောင်ကျော်သီဟ-မဇင်မာထိုက်တို့၏ ဖခင်သည် ၂၃-၁၂-၂၀၀၃ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံဗိသုကာများအသင်း၊ရန်ကုန်မြို့။

ဦးငွေးဆန်း

B.Ag. မော်လမြိုင်

(ဒုမန်နေဂျာ၊ထက်အာကာကျော် သမဝါယမအသင်းစုလီမိတက်)

အသက်(၆၆)နှစ်

မော်လမြိုင်မြို့နေ (ဦးအေးလှ-ဒေါ်ရင်ထွေး)တို့၏သား၊ (ဦးမြတ်လှ-ဒေါ်တင်မေ)တို့၏သားသမက်၊သံဖြူဇရပ်မြို့နေ ဦးသန်းမောင်-ဒေါ်ခင်ငွေးတို့၏မောင်၊ မော်လမြိုင်မြို့နေ ဒေါက်တာအောင်မင်း (သွား/ဆရာဝန်)-ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်ညိုမြ၊ဒေါ်အေးသိင်္ဂီတို့၏အစ်ကိုကြီး၊ ဦးမြအောင်(ညွှန်မှူး၊သစ်တောဦးစီးဌာန၊ ငြိမ်း)-ဒေါ်ရီရီခင်(ထ/ပြ၊ ငြိမ်း)၊ ဒုတိယ ဗိုလ်မှူးကြီးခင်မောင်ကြီး(ငြိမ်း)-ဒေါ်လှသန်းရီ၊ ဦးစောရှိန်(ဝယ်ကိုလီမိတက်)-ဒေါ်သန်းသန်းအေး(ပါမောက္ခ၊ သမိုင်းဌာန၊ ပဲခူး ဒီဂရီကောလိပ်)၊ ဦးဝင်းကြည်-ဒေါ်သန်းသန်းလွင်၊ ဦးမြင့်ဆန်း (အကောက်ခွန်မှူး) - ဒေါ်ဝင်းချိုတို့၏ အစ်ကို/မောင်၊ အမှတ် ၉၉၁၊ ရွှေဒေါင်း ၁ လမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)နေ ဒေါ်ခင်ရှု(အထပြ၊ သုဝဏ္ဏ၊ ငြိမ်း)၏ခင်ပွန်း၊ မောင်ဇာနည်ငွေး၊ မောင်ကောင်းညွန့်(ဇင်ကို)တို့၏ ဖခင်သည် ၃၀-၁၂-၂၀၀၃ရက် နံနက် ၉ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်ပါ၍ ၁-၁-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဇလွန်မြို့နယ်အသင်း(ရန်ကုန်)

ဒေါ်ခင်ရွှေ

ရာသက်ပန်အသင်းဝင်အမှတ်-၇၀၆

အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ဗိုလ်တထောင်အိမ်ရာ စခန်း၊ ၄၇ လမ်းနေ (ဦးတင်ညွန့်)၏ဇနီးသည် ၃၀-၁၂-၂၀၀၃ရက်တွင် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့။

ဒေါ်စိန်စိန်

(စမ်းချောင်း)

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း တောင်ရပ်ကွက်၊ မင်းလမ်း၊ အမှတ် ၁၀ နေ(ဦးထွန်းဖေ-ဒေါ်ရွှေကျော့)တို့၏သမီး၊ ဒေါ်အုန်းသွင်၏ ညီမ၊ (ဒေါ်စန်းရီ)၊ ဒေါ်ညိုညိုတို့၏ အစ်မ၊ (ဦးချို၊ စာရင်းစစ်ချုပ်ရုံး)၏ဇနီး၊ဒေါ်ဆွေဆွေချို(အလက-၃၊ ဒဂုံတောင်)၊ ဦးမင်းအောင်နိုင်-ဒေါ်ဖြူဖြူချို(ဆေးသိပ္ပံပညာဦးစီးဌာန)၊ ကိုခင်မောင်ချို (ဆိပ်ကမ်းအာဏာပိုင်)တို့၏မိခင်၊ မောင်ကျော်စွာမင်း (အလက-၁၊ ဒဂုံ)၊ မောင်မင်းဆွေအောင်တို့၏အဘွားသည် အထက်ပါနေအိမ်၌ ၂၉-၁၂-၂၀၀၃ရက် ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၀၃ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Nu Ning Lam Dim

အသက်(၂၇)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ တုန်းဇံရွာနေ (Pa Cin Do Thang)-Nu Vial Za Cing တို့၏သမီးချွေးမ၊ ကလေးမြို့နယ်၊ ပြည်တော်သာရွာနေ Pa Kham Sian Pau-Nu Uap Khan Cing တို့၏သမီး၊ Nu Cin Lam Nuam-Pa Nang Ngaih Gin တို့၏ညီမ၊ Tg. Khup Khan Khai၊ Lia Cing Sian၊Lia Cing Khawl Nuam၊ Lia Kap Cih Mawi၊ Tg Go Sian Muang၊ Tg Khup Khaw Cin Laang၊ Tg Pun Sian Pang တို့၏အစ်မ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၂၂၃၊ အခန်း ၇ နေ Pastor Thang Za Suan(Shalon Ag)၏ဇနီး၊ Lia Cing Sian Mang၊ Lia Cing Muan Kim တို့၏မိခင်သည် ၃၀-၁၂-၂၀၀၃ရက် ညနေ ၅း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား သိစေအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသိန်းမြင့်

(လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာန)

အသက်(၄၄)နှစ်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊(ဃ)ရပ်ကွက်၊ နွယ်နီ ၂ လမ်း၊ အမှတ် ၅၁၁ နေ(ဦးတင်ထွန်း-ဒေါ်ခင်လှ)တို့၏သား၊(ဦးထွန်းခင်)-ဒေါ်တင်မြတို့၏သားသမက်၊ဦးဝင်းမြင့်-ဒေါ်ကြည်ညွန့်၊ ဦးအေးမြင့်-ဒေါ်တင်လှ၊ ဦးကျော်မြင့်-ဒေါ်မြင့်မြင့်စန်း၊ ဦးလှမြင့်-ဒေါ်စိုးစိုးသန်းတို့၏ညီ/မောင်၊ ဦးထိန်ဝင်း-ဒေါ်ဝေဝေ၊ ဦးကျော်ဖေယျ-ဒေါ်မာမာဦး၊ ဦးချိုဦး-ဒေါ်မာမာခင်တို့၏ အစ်ကို၊ ဒေါ်နီလာတင်၏ခင်ပွန်း၊ ကိုဝင်းသိန်းမောင်၊ မောင်ဖြိုးမြတ်အောင်တို့၏ဖခင်သည် ၂၉-၁၂-၂၀၀၃ရက် နံနက် ၁၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၀၃ရက် ညနေ ၃း၁၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့်ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။

နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်

ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂

ဒေါ်စောတင် (စစ်တွေ)

အသက်(၉၇)နှစ်

စစ်တွေမြို့၊ကျောင်းတက်လမ်းရပ်နေ (ဦးအောင်ထွန်းဖြူ၊ တိရစ္ဆာန်ဆေးကုဝန်ထောက်)၏ဇနီး၊ (ဦးစံထွန်းဦး)-ဒေါ်စန်းစန်းမြင့်၊(ဦးစံထွန်းသာ)၊ဒေါ်ခင်ခင်စော၊ ဒေါ်မူမူစော၊ ဦးစောထွန်းအောင်တို့၏မိခင်၊ မြေး ၁၀ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘောင်ရှင်သည် စစ်တွေမြို့နေအိမ်၌ ၂၈-၁၂-၂၀၀၃ရက် နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁၂-၂၀၀၃ရက်တွင် စစ်တွေမြို့ အာကျိပ်တော်ကုန်းသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးအုန်းစိန်

Augustine (ခ) Wong Hoke Sein

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၂ လမ်း၊ အမှတ် ၇၁ နေ (ဦးထိုက်စံ-ဒေါ်မိ)တို့၏သား၊ ဒေါ်စိန်ရင်၏ခင်ပွန်း၊ ဒေါ်တင်တင်ရီ (မွေး/ကုဦးစီးဌာန)-ဦးခင်မောင်လတ်(MEPE)၊ ဒေါက်တာတိုးနိုင် (သရုပ်ပြ၊ ငြိမ်း၊ သွားဆေးတက္ကသိုလ်)-ဒေါ်ခင်မာချို၊ဒေါ်လှလှစိန်၊ ဒေါ်အေးအေးစိန်၊ ဦးဝင်းနိုင်၊ ဦးကျော်နိုင်(လ/ထညွှန်မှူး၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်ခင်မာမာလွင်၊ ဒေါက်တာယဉ်ယဉ်စိန်-ဦးအေးမော်၊ ဒေါက်တာစိုးနိုင်၊ မခင်ညိုညိုစိန်တို့၏ဖခင်၊ မြေး ခုနစ်ယောက်တို့၏အဘိုးသည် ၃၀-၁၂-၂၀၀၃ရက် နံနက် ၀၀း၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၁-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် အလုံ စိန့်ထရေးစား ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်တင်ထွေး

အလယ်တန်းပြ(ငြိမ်း)

(တောင်ကြီး)

အသက်(၇၃)နှစ်

တောင်ကြီးမြို့၊ ဈေးပိုင်းရပ်၊ သစ္စာလမ်း၊ အမှတ် ၁၁၀/၂ နေ (ဦးထွန်း-ဒေါ်ကျင်တင်)တို့၏သမီး၊ (ဦးမျိုးအောင်)၏ဇနီး၊ ဒေါ်တင်အေး၏ညီမ၊ ဒေါ်ညိုညို၊ ဦးသိန်းထွန်းတို့၏အစ်မ၊ ကိုကျော်စိုးအောင်(ခ)ကိုကြွက်၊ မမီမီအောင်(အလက-၄)၊ ကိုညီညီအောင်-မသီတာ၊ မနွယ်နွယ်အေး၊ မအေးကြည်စံတို့၏မိခင်၊မြေးနှစ်ယောက်တို့၏အဘွားသည် ၃၀-၁၂-၂၀၀၃ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၀၄ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင်အထက်ပါနေအိမ်မှတိုင်းရင်းသားပေါင်းစုံသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး

ဦးချစ်ဦး(ခ)ဦးချစ်သောင်း

အသက်(၄၉)နှစ်

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၁၉)ရပ်ကွက်၊ သစ္စာရှင်လမ်း၊ အမှတ် ၄၅၇ နေ (ဦးထွန်းရှင်)-ဒေါ်နှင်းမေတို့၏ သား၊ ဦးကြာလေး-ဒေါ်အိလုံးတို့၏ သားသမက်၊ ဒေါ်ပန်းခင်၏ ခင်ပွန်း၊ မောင်ကျော်ခိုင်စိုး၊ မောင်မျိုးမြင့်သိန်း၊ မောင်ကျော်ကျော်ဦး၊ မောင်ရွှေအေး၊ မခင်အေးချစ်၊ မသန္တာဝင်း၊ မောင်ထွန်းထွန်းလှိုင်တို့၏ ဖခင်သည် ၂၉-၁၂-၂၀၀၃ရက် (တနင်္လာနေ့) ညနေ ၄း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Pi Biak Vel ii

အသက်(၄၅)နှစ်

(Pu Tei Cin-Pi Nigun Tang) တို့၏တတိယမြောက်သမီး၊ Jems Pa Bawn (လဝကဦးစီးအရာရှိ၊ ဖလမ်းမြို့)၏ဇနီး၊ Pu Ni Hu-Pi Ni Sui၊ Pi Vai Iang(ကလေး)တို့၏ညီမ၊ Pu Tluang Nawl၊ Sly Mah Dar Pen(ကလေး)၊ဒေါ်မြင့်မြင့်ခင်-ဦးကျော်ကုန်တို့၏အစ်မ၊ Tial Hlei Chin (လဝက)၏မိခင်သည် ၂၂-၁၂-၂၀၀၃ရက် နံနက် ၁၁ နာရီတွင် ဖလမ်းမြို့ ပြည်သူ့ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၃-၁၂-၂၀၀၃ ရက်တွင် ဖလမ်းမြို့ လမ်းပါးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ပိဋကတ်သုံးပုံ၊သိမ်၊ ကျောင်း၊ဓမ္မာရုံဒါယိကာမကြီး

ဒေါ်ကျင် (ထနီး)

အသက်(၉၁)နှစ်

ဧရာဝတီတိုင်း၊ မအူပင်မြို့နယ်၊ ထနီးကျေးရွာနေ(ဦးမောင်-ဒေါ်အေးမှုံ)တို့၏ သမီး၊(ဦးချစ်တီး-ဒေါ်တင်)တို့၏ချွေးမ၊ ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောတောင် ၃ လမ်း(ထက်)၊ အမှတ် ၁၀၀ နေ (ဦးလှရှင်)၏ဇနီး၊ (ဦးဟန်-ဒေါ်စိန်)တို့၏ညီမ၊ (ဦးထွေးမောင်-ဒေါ်ညီမ)၊ (ဦးခလေးတင့်-ဒေါ်ငွေဆင်)၊ (ဦးတင်စိန်-ဒေါ်ကြွေ)၊ (ဦးသန်း-ဒေါ်ခင္ဍေ)၊ (ဦးပြန့်ရီ-ဒေါ်သင်)၊ ဦးညွှန့်-ဒေါ်အုံးကျင်၊ ဦးထွန်းလွင်-ဒေါ်ညွှန့်ရီတို့၏အစ်မ၊ ဦးမောင်ခိုင်-ဒေါ်သန်းလှ၊ ဦးမောင်ရွှေ-ဒေါ်တိုး၊ ဒေါ်အုံးမြင့်၊ ဒေါ်ခင်ငွေးရီ၊ ဦးဟံငြိမ်း-ဒေါ်မြင့်မြင့်သိန်းတို့၏မိခင်၊ မြေး ၁၂ ယောက်၊ မြစ် ၁၁ ယောက်တို့၏အဘွားသည် ၂၉-၁၂-၂၀၀၃ရက်(တနင်္လာနေ့) တွင်ကွယ်လွန်သွားပါ၍ ၃၁-၁၂-၂၀၀၃ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ကြည့်မြင်တိုင်နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်မြိုင်

(ကဒပ္ပနကျေးရွာ)

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၇ လမ်း၊ အမှတ် ၁၆ နေ (ဦးနီ)၏ဇနီး၊ ၁၂၆၊ ၁၉ လမ်းနေ ဒေါ်ကျင်ဝိုင်-(ဦးချန်ဝမ်)တို့၏အစ်မ၊ မန္တလေးမြို့နေ ဦးရွှေ-ဒေါ်စန်းစန်းအေး၊ ၁၆ လမ်းနေ (ဦးတင်ဝင်း)-ဒေါ်မြမြဝင်း၊ မန္တလေးမြို့နေ ဦးသောင်းဝင်း-ဒေါ်တင်တင်ကြီး၊ ၁၅ လမ်းနေ ဒေါ်ရီရီမြင့်၊ ဦးတင်အောင်စိုး-မခိုင်တို့၏မိခင်၊ မြေး ၁၆ ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၁၇ လမ်းနေအိမ်၌ ၂၉-၁၂-၂၀၀၃ရက် နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၁၂-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင်နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်နုနု (လေးမျက်နှာ)

အသက်(၆၉)နှစ်

(ဦးညိုမောင်-ဒေါ်ခင်အေး)တို့၏ သမီး၊ ရန်ကုန်မြို့၊ အမှတ် ၇/၉/၇၆၊ (၇)ရပ်ကွက်၊နှင်းပန်း ၃ လမ်း၊ ရွှေပြည်သာမြို့နယ်နေ (ဗိုလ်ကြီးခင်မောင်ညွန့်၊ ငြိမ်း)၏ဇနီး၊ ဦးစန်းမောင်-ဒေါ်စိုးစိုးစံ၊ ဦးဝဏ္ဏ-ဒေါ်မေမီမိုး၊ ဦးတင့်လွင်-ဒေါ်ပြုံးပြုံးပိုင်၊ဦးဇော်ဝင်းနိုင်-ဒေါ်ယုယုယဉ်တို့၏မိခင်သည် ၂၇-၁၂-၂၀၀၃ရက် (စနေနေ့)ည ၁၁း၁၀နာရီတွင်အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၉-၁၂-၂၀၀၃ရက်(တနင်္လာနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်မေကြည် (မာန်အောင်)

အသက်(၅၇)နှစ်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ ကမ်းနားရပ်ကွက်နေ (ဦးလွန်းအောင်-ဒေါ်မေအေး)တို့၏သမီး၊ ဦးဇာဂရ၊ (ဒေါ်မကြည်)၊ ဒေါ်ဖြူမ၊ ဒေါ်ဒေါ်ဒေါ်၊ ဒေါ်ပုကြည်တို့၏ညီမ၊ မောင်ဇော်ဇော်(ခ)တင်ဇော်လင်း၊ မမြတ်စုဝေ(ခ)ဇာဇာ တို့၏မိခင်၊ တူ တူမ ၁၂ ယောက်တို့၏အဒေါ်သည် ၂၈-၁၂-၂၀၀၃ရက် (တနင်္ဂနွေနေ့) ည ၁၀း၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁-၁-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (သာကေတ၊ ရှုခင်းသာအိမ်ရာဝင်းရှေ့မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတိုးကြည် (သုဝဏ္ဏ)

အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၁)ရပ်ကွက်၊ လုံးသွယ်လမ်း၊ အိမ်အမှတ် ၁၀၇ နေ (ဦးမောင်သောင်း-ဒေါ်လှကျင်)တို့၏သားကြီး၊ ကိုစိုးရီ-မပပစိုး၊ ကိုစိုးလွင်-မဖြူဖြူဝင်း၊ (မစန်းစန်းမြင့်)တို့၏အစ်ကိုကြီး၊ မအေးအေးဝင်း၏ခင်ပွန်း၊ မောင်မျိုးမြင့်သောင်း၊ မသိမ့်ဟေမာကျော်၊ မအိအိန္ဒြေကျော်တို့၏ဖခင်သည် ၂၉-၁၂-၂၀၀၃ရက် (တနင်္လာနေ့) ည ၈း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး

ဦးထွန်းမြိုင် (ကျိုက်ထိုမြို့)

(အငြိမ်းစားကျောင်းဆရာကြီး)

(မော်ကွန်းဝင်တတိယဆင့်)

အသက်(၈၄)နှစ်

သထုံခရိုင်၊ကျိုက်ထိုမြို့၊တောင်ပိုင်းရပ်၊ ဘောဂ ၂ လမ်းနေ (ဒေါ်ရင်ရွှေ) (ဒေါ်သန်းတင်) ဒေါ်စန်းရီတို့၏ခင်ပွန်း၊ ဦးစိုးဝင်း-(ဒေါ်ကျင်သန်း)သရဖူရွှေဆိုင်၊ ဦးမြင့်စိုး-ဒေါ်ခင်တိုးရီ(မြို့နယ် သ/မ ဦးစီးဌာန၊ ငြိမ်း)၊ ဦးခင်မောင်မြင့်-ဒေါ်ခင်ငွေးမြိုင် (အထက-၁၊ ကျိုက်ထို)၊ မောင်ဝင်းစန်း (မြို့နယ်လျှပ်စစ်ဌာန) တို့၏ဖခင်သည် ၃၀-၁၂-၂၀၀၃ရက် တွင် ကွယ်လွန်သွားပါ၍ ၁-၁-၂၀၀၄ ရက်တွင် ကျိုက်ထိုမြို့၌ သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးမြတ်ခင် (အင်းစိန်)

နည်းပြ(ငြိမ်း)

လက်ထောက်ကျန်းမာရေးမှူး သင်တန်းကျောင်း၊အောင်ဆန်း

အသက်(၇၅)နှစ်

(ဒေါက်တာဦးလွင်)-ဒေါ်မြရင် တို့၏သား၊ ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊နံ့သာကုန်းရပ်ကွက်၊လမ်းသစ်လမ်း၊ အမှတ် ၂၆ နေ (ဒေါ်စိန်မြိုင်)၏ခင်ပွန်း၊ ဦးရဲထွဋ်-ဒေါ်ခင်ခင်စိန် (အလက-၇၊ တောင်ဥက္ကလာ)၊ ဦးတင်မြတ်-ဒေါ်ခင်ဥမ္မာ၊ ဒေါက်တာမောင်မောင်လေး-ဒေါက်တာနုနုခင် (ဆုဆေးခန်း)၊ ဒေါ်အေးအေးမြင့်၊ ဦးခင်မောင်ကျော်-ဒေါ်မြင့်မြင့်သန်း (အထက-၁၊အင်းစိန်)၊ဦးတင်ထွေး-ဒေါ်မြင့်မြင့်ကြူ(ရွက်သစ်စာပေ)တို့၏ ဖခင်၊ ဦးထွန်းခင်-ဒေါ်ခင်လှလှ၊ (ဦးမောင်မောင်)-ဒေါ်ခင်ခင်လွင်၊ ဒေါက်တာစောလွင် - ဒေါက်တာခင်အုန်းလွင်၊ ဒေါက်တာခင်မြလွင်၊ ဒေါက်တာဗစ်တာမာရေး-ဒေါက်တာခင်အေးလွင်၊ ဒေါ်ခင်ဦးလွင်တို့၏ အစ်ကိုကြီး၊ မြေး ၁၁ ယောက်တို့၏ အဘိုးသည် ၂၉-၁၂-၂၀၀၃ရက် (တနင်္လာနေ့) ည ၁၁ နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၀၃ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုအေးလွင် (MTPIL)

(မောင်တော)

အသက်(၃၈)နှစ်

သုဝဏ္ဏမြို့၊ (၂၄)ရပ်ကွက်၊ ရေနံ့သာကမာလမ်း၊ တိုက်နံပါတ် ၇၆၊ အခန်း ၂ နေ (ဦးမြသိန်း)-ဒေါ်စောဟန်တို့၏ သား၊ ဦးကျော်ဇော်ဦး၊ ဒေါ်နုနုအေး-ဦးလွမ်းမိုးဇင်(MTPIL)၊ ဦးအေးချို-ဒေါ်သန့်မျိုးခိုင်တို့၏ညီ/မောင်၊ မစောမြတ်မိုး(ဆက်သွယ်ရေး၊ ပြည်ပစာပို့)၏ အစ်ကို၊ တူ တူမ ငါးယောက်တို့၏ ဦးလေးသည် ၂၉-၁၂-၂၀၀၃ရက် ညနေ ၆း၅၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၀၃ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅နာရီ တွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

မောင်သန်းထွဋ်ဝင်း(ခ)

မော်စီတုန်း

ရထားရဲတပ်ဖွဲ့(တပ်ဖွဲ့မှူးရုံး)

နောက်ဆုံးနှစ်(မြန်မာစာ)

အသက်(၂၈)နှစ်

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူမီးရထားရပ်ကွက်၊ လိုင်း ၁၁၁၊ အခန်း (I)နေ ဦးနီတွတ်(မြန်မာ့မီးရထား)-ဒေါ်ကြည်ကြည်သန်းတို့၏ သားငယ်၊ မောင်အောင်မျိုးခိုင်-မစိုးတို့၏ညီ၊ ဒေါ်သန်းရီ-ဦးတင်မောင်၊ ဦးအောင်ကျော်ဇံ၊ ဒေါ်ကြည်ကြည်မြင့်-ဦးမောင်ညွှန့်(မြန်မာ့မီးရထား)၊ဒေါ်ပြုံး-ဦးကံဝင်း(မြန်မာ့မီးရထား)တို့၏ တူ၊ ညီအစ်ကိုမောင်နှမ ၁၅ ယောက်တို့၏ ညီ/မောင်၊ တူ တူမ ခြောက်ယောက်တို့၏ဦးလေးသည် ၂၉-၁၂-၂၀၀၃ ရက် တွင် ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုဌာန၌ ကွယ်လွန်သွားပါ၍ ၃၁-၁၂-၂၀၀၃ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ဝိမလ

သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၃)ဝါ

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဓညဝတီရပ်ကွက်၊ အာဂျိတ်တော်ကုန်းမြေ၊ ဝိမလဓမ္မနာဒ(ဓာတ်လယ်)ကျောင်းတိုက် ပဓာန နာယက ဖြစ်တော်မူသော လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုက ဘဒ္ဒန္တ ဝိမလ မဟာထေရ်မြတ်သက်တော်ရှည် ဆရာတော်ကြီးသည် ၁၃၆၅ခုနှစ် ပြာသိုလဆန်း ၂ ရက် (၂၄-၁၂-၂၀၀၃ရက်)ဗုဒ္ဓဟူးနေ့ ည ၁၀း၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း။

အန္တိမဈာပနာ သာခုကီဠနပူဇော်ပွဲကို ၁၃၆၅ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ ရက် (၁၈-၁-၂၀၀၄ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း။

တပည့်ဒါယကာ၊ဒါယိကာမများ

ဝိမလဓမ္မနာဒ(ဓာတ်လယ်)ကျောင်းတိုက်၊စစ်တွေမြို့။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ဂုဏဝံသ (ရမ်းဗြဲ)

အနောက်ရွာ(ကျောင်းစဉ်ကျောင်း)သာသနာ့ရိပ်သာ

ရမ်းဗြဲမြို့နယ်၊ ရခိုင်ပြည်နယ်

သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၄၃)ဝါ

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ကျောက်ချောင်းတိုက်နယ်၊ အနောက်ရွာ (ကျောင်းစဉ်ကျောင်း)သာသနာ့ရိပ်သာ၏ ဦးစီးပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ ဂုဏဝံသသည် ၁၃၆၅ခုနှစ် တော်သလင်းလပြည့် (၁၀-၉-၂၀၀၃ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၅း၅၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် တပို့တွဲလပြည့် (၅-၂-၂၀၀၄ရက်) ကြာသပတေးနေ့တွင် အန္တိမအဂ္ဂိဈာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ဆရာတော်၏တပည့်ဒါယကာ၊ဒါယိကာမများ။

ရဟန်းအမ

ဒေါ်မမလေး

အသက်(၈၀)

မန္တလေးမြို့နေ (ဦးခင်မောင်လေး-ဒေါ်သီလှ)တို့၏သမီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၂၂၊ ၁၂၄ လမ်းနေ (ဦးမှုတူး-ဒေါ်စောနု) တို့၏သမီးချွေးမ၊ (ဦးဘလှ)၏ဇနီး၊ (ဦးလှဖေ)-ဒေါ်ဝင်းမြင့်၊ ဒေါ်မာဂျာရီ (ဒေါ်မလေး)၊(ဒေါ်တင်ဥ)တို့၏အစ်မကြီး၊ ဦးငွေးလှ - ဒေါ်ခင်အုန်းမြင့်(ခ)ဘိမ၊ ဦးတင်အောင်လှ - ဒေါ်ခင်လေးလှိုင်၊ (ဦးစိန်မြင့်)-ဒေါ်သန်းသန်းရီ၊ ဦးကြီးမြင့်၊ (ဦးစိုးတင့်)၊ ဒေါ်သိင်္ဂီ၊ ဦးဝင်းမောင်-ဒေါ်လဲ့လဲ့ဝင်းတို့၏မိခင်၊ မြေး ၁၁ ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၂၉-၁၂-၂၀၀၃ရက်(တနင်္လာနေ့) တွင်ကွယ်လွန်သွားပါ၍ ၃၁-၁၂-၂၀၀၃ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယိကာမကြီး

ဒေါ်ခင်စိမ်းယဉ် (ရန်ကုန်မြို့)

အသက်(၆၃)နှစ်

ဦးဟုတ်ကွမ်-ဒေါ်လှတို့၏သမီး၊ (ဦးစိန်ကွမ်း)-ဒေါ်ကြင်ကြင်၊ ဦးလှရွှေ-(ဒေါ်ခင်ခင်)တို့၏ညီမ၊ ဦးကွတ်စိန်-ဒေါ်မိသင်းတို့၏အစ်မ၊ ဦးမြတ်သင်း (လူမှုဝန်ထမ်းဦးစီးအရာရှိ၊ ငြိမ်း)၏ဇနီး၊ ကိုအောင်ခင်မြတ်(ဗာဂျီးနီးယား လန်ဒန်စီးကရက်ကုမ္ပဏီ)၏မိခင်သည် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ် ၄၈၀၊ စေတန ၄ လမ်း၊ (၄၃)ရပ်ကွက်နေ ဒေါ်ခင်စိမ်းယဉ်(ကထိက၊ သမိုင်းဌာန၊ ငြိမ်း၊ ဝ/သ တက္ကသိုလ်၊ ရန်ကုန်) သည် ၂၇-၁၂-၂၀၀၃ရက် ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၂-၂၀၀၃ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂-၁-၂၀၀၄ရက် နံနက် ၇ နာရီမှ ၁၁ နာရီ အထိရက်လည်ဆွမ်းကျွေးတရားတော်နာ ပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးမြင့်ငွေ (မော်လမြိုင်)

(A.G.T.I)

လ/ထအင်ဂျင်နီယာ(မြို့ပြ)

ဆောက်လုပ်ရေး

အသက်(၅၆)နှစ်

မော်လမြိုင်မြို့နေ ဦးပန်းအင်-ဒေါ်ခင်မြိုင်တို့၏သား၊ မော်လမြိုင်မြို့နေ ဦးလှအောင်-ဒေါ်ညိုညိုအိတို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၁၀၅၊ ၉၄ လမ်း၊ ကန်တော်လေးနေ ဒေါ်တင်တင်ရီ၏ခင်ပွန်း၊ ကိုဇော်လတ်ဦး၊ မသိင်္ဂီမြင့်ငွေ၊ မရတနာမြင့်ငွေ၊ မောင်ကျော်ထိုက်တို့၏ဖခင်သည် ၂၉-၁၂-၂၀၀၃ ရက် (တနင်္လာနေ့)နံနက် ၁၂း၃၀ နာရီတွင် မြိတ်မြို့၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင်သင်္ဂြိုဟ်ပြီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးလှတင် (ပုဇွန်တောင်)

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၁၈၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ်(၃)ရပ်ကွက်နေ (ဦးစိုးမောင်-ဒေါ်လှရှင်)တို့၏သား၊ ဒေါ်မြတင်၏ခင်ပွန်း၊ကိုစိန်လှိုင်-မသန်းကြည်၊ ကိုမြင့်ထွန်း-မအောင်ကြည်၊ ကိုမြင့်ဦး-မမြင့်မြင့်မူ၊ကိုစိန်မြင့်-မသန်းသန်းငွေး၊ ကိုကျော်စိန်-မစန်းနု၊ ကိုမျိုးဟန်-မသန်းလှ၊ ကိုလှထွန်း-မဝင်းနွဲ့၊ မသိင်္ဂီခိုင်တို့၏ဖခင်၊ မြေး ၂၀၊ မြစ်လေးယောက်တို့၏အဘိုးသည် ၃၀-၁၂-၂၀၀၃ရက်(အင်္ဂါနေ့)နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်နန်းခင် (ပဲခူး)

အသက်(၇၄)နှစ်

ပျဉ်းမနားမြို့နေ (ဗိုလ်မှူးမာဒင်-ဒေါ်ဖွားတင်)တို့၏သမီး၊ ဦးချစ်အောင်-ဒေါ်မြမြခိုင်၊ (ဦးအောင်မင်း)-ဒေါ်မြင့်မြင့်တို့၏အစ်မ၊ ဦးဝင်းဖေ-ဒေါ်ကျင်လှ၊ ဦးမောင်မောင်အေး (Air Mandalay)-ဒေါ်ကြည်ကြည်ဟန် (ဟိုတယ်ခရီး)၊ မနီနီဟန်၊ မဝါဝါဟန်၊ ဦးဇော်လင်း(ကညန၊ သာယာဝတီ)-ဒေါ်မို့မို့ကျော်၊ မပန်းရောင်ဟန်(Search Co., Ltd.)၊ မောင်မင်းဟန်-မဝါဝါတင်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွား၊ (ဦးသိန်းဟန်)၏ ဇနီးသည် အမှတ် ၁၉၀၊ ဟံသာသီရိလမ်း နေအိမ်၌ ၃၀-၁၂-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၁-၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှဆင်ဖြူကွင်းသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ဆွေဆွေအေး

အသက်(၅၁)နှစ်

ဖျာပုံမြို့၊ ၇ လမ်းနေ (ရဲမှူးအေးကို)-ဒေါ်သိန်းသိန်းကြည်တို့၏ သမီးကြီး၊ စစ်တွေမြို့၊ လမ်းမတော်ရပ်ကွက်နေ (ဦးအောင်စံထွန်း)- ဒေါ်စိုးသိန်းဖြူတို့၏ ချွေးမ၊ဒေါ်ခင်သီတာအေး(အထက-၃၊ ရွှေပြည်သာ)၊ဦးဉာဏ်လင်းအေး(PMG Co.,Ltd.)၊ရဲအုပ်ခင်နီလာအေး(မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊အင်းစိန်)၊ ကိုကိုမိုးအေး(တပ်မတော်-ရေ)၊ ကိုကိုမြတ်အေး၊ ကိုကိုငြိမ်းအေးတို့၏အစ်မကြီး၊ ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ မနော်ဟရီဝန်ထမ်းအိမ်ရာ၊ တိုက်(B)၊ အခန်းအမှတ် ၂၀၄ နေ ဦးကျော်ဝင်း(ဦးစီးအရာရှိ၊ လူမှုဝန်ထမ်းဦးစီးဌာန)၏ဇနီး၊ မလဲ့ရည်ဝင်း(အထက-၁၊ အင်းစိန်)၊ မောင်ကျော်သက်အောင်(အထက-၂၊ အလုံ)တို့၏မိခင်သည် ၂၉-၁၂-၂၀၀၃ ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၀၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

အတွင်းရေးမှူး(၁) အမှတ်(၂)စက်မှုဝန်ကြီးဌာန အဆင့်မြင့်စက်ရုံများဖွင့်လှစ်ပေး
လက်တွန်းထွန်စက် အင်ဂျင်နမူနာနှင့် ဘောဘယ်ယာရင်နမူနာများကြည့်ရှုစစ်ဆေး
လက်တွန်းထွန်စက် စက်ရုံမှ တစ်နှစ်လက်တွန်းထွန်စက် အစီး၃၀၀၀ ထုတ်လုပ်မည်

ရန်ကုန် ဒီဇင်ဘာ ၃၀

ပဲခူးတိုင်း ပဲခူးမြို့နယ် အင်းတကော် စက်မှုနယ်မြေရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ လက်တွန်းထွန်စက် စက်ရုံ၊ သံရည်ကျိုအလုပ်ရုံနှင့် ဘောဘယ်ယာရင် အလုပ်ရုံဖွင့်ပွဲ အခမ်းအနားများကို ယနေ့ နံနက် ၁၀နာရီတွင် အဆိုပါစက်ရုံ၊ အလုပ်ရုံများ၌ ကျင်းပရာ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးပြီး စက်ရုံ၊ အလုပ်ရုံများကို ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ■

(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ

"မြန်မာ့ရေ၊ မြေတွင် အဖိုးတန်အရင်းအမြစ် များစွာတည်ရှိနေသည်။ ထိုအဖိုးတန် ရေမြေသယံဇာတအရင်းအမြစ်များကို တပ်မတော်အစိုးရက နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးအတွက် ရှာဖွေဖော်ထုတ်ပေးခဲ့သည်။"

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး "မြန်မာ့လူမှုဘဝကို မြင့်မားတိုးတက်စေမည့် သဘာဝစွမ်းအင်အရင်းအမြစ်များ" ကို စာမျက်နှာ(၈ နှင့် ၉)တွင် ဖော်ပြထားပါသည်။ **(မြန်မာ့အလင်း)**



စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အင်းတကော်စက်မှုနယ်မြေရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ သံရည်ကျို အလုပ်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နှစ်(၅၀)ပြည့် ရွှေရတုရုပ်ရှင်ထူးချွန်ဆုမှသည် ပြည်သူ့အကျိုးပြုအနုပညာရှင်များဖြစ်ရေးသို့ဦးတည်

၂၀၀၂ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆု ယနေ့ချီးမြှင့်မည်

သတင်းဆောင်းပါး-မောင်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၃၀

နိုင်ငံတော်က မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို ၁၉၅၂ ခုနှစ်ကတည်းက စတင်ရွေးချယ် ချီးမြှင့်လာခဲ့ရာ ယခု(၂၀၀၂ခုနှစ်)အကြိမ်တွင် ရွှေရတုကာလသို့ တိုင်ခဲ့ပြီဖြစ်သည်။ မြန်မာ့ရုပ်ရှင်သမိုင်းကို ပြန်ပြောင်းငဲ့စောင်းကြည့်ပါလျှင် ၁၉၂၀ ပြည့်နှစ်ကတည်းက မြန်မာ့လွတ်လပ်ရေး

စာမျက်နှာ ၁၂ ကော်လံ ၂ ●

အပြုံးပုံရိပ်လွှာများ

၂၀၀၁ခုနှစ်အတွက် အကောင်းဆုံး ရုပ်ရှင်ထူးချွန်ဆုရသူသုံးဦး၏ အပြုံးပုံရိပ်လွှာများ။

ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့လင်း)

ချစ်ခြင်း၏အခြားမဲ့၌ဇာတ်ကားဖြင့် ၂၀၀၁ခုနှစ်အတွက် အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုရ မေသန်းနုအား ဝမ်းသာအားရ ဂုဏ်ပြုနှုတ်ဆက်ခဲ့ကြသည်မှာ။

ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

၂၀၀၁ခုနှစ်အတွက် သမီးမိုက်ဇာတ်ဆောင်ဆုနှင့် အချစ်ကိုမွေးဖွားခြင်း ဇာတ်ပို့ဆုရ အကယ်ဒမီနှစ်ဦး၏ ဝမ်းသာပီတိအပြုံး။

ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့လင်း)

၂၀၀၁ခုနှစ်အတွက် နှလုံးလှလူမိုက်ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသား သရုပ်ဆောင်ဆုရ မင်းမော်ကွန်းအား သရုပ်ဆောင်နိုင်းနိုင်းကဤ်သို့ ဂုဏ်ပြုပွေ့ဖက်ခဲ့သည်။

ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့လင်း)

ယနေ့ထုတ်စောင်ရေ– ၂၀၂၄၉၁